ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်၊ ကြာသပတေးနေ့ (3-4-2014) (၇၀၀၄)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ထူးခြားသည့်နေ့အပူချိန်များ

ချောက်	၄၅	ဒီဂရီစင်တီဂရိတ်
ညောင်ဦး	၄၄	ဒီဂရီစင်တီဂရိတ်
မြင်းခြံ	၄၃	ဒီဂရီစင်တီဂရိတ်
မင်းဘူး	၄၃	ဒီဂရီစင်တီဂရိတ်
မကွေး	၄၃	ဒီဂရီစင်တီဂရိတ်

နိုင်ငံတစ်ဝန်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

နေပြည်တော် ဧပြီ ၂

နိုင်ငံတစ်ဝန်းတွင် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို မတ် ၃၀ ရက်မှစတင်၍ ကောက်ယူလျက်ရှိပြီး ယနေ့ညနေ ၅ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမူန် မိသားစု၏ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဌာနမှူး ဦးချိုထွန်း၊ ဦးစီးအရာရှိ ဒေါ်တင်မိုးမိုးအေး၊ စာရင်းကောက် ဒေါ်မြင့်မြင့်ကြည်တို့ပါဝင်သော သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လာရောက်ကောက်ယူခဲ့ကြသည်။

ဖြေကြား

သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က မေးခွန်းများကို မေးမြန်းဖြည့်စွက်ရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီးတို့က ဖြေကြားခဲ့ကြသည်။ **(ယာပုံ)**

(သတင်းစဉ်)

နေပြည်တော် မဟာသင်္ကြန်ဆင်နွှဲရန် ဟိုတယ်ဇုန်၌ ရေကစားမဏ္ဍပ်များတည်ဆောက်

နေပြည်တော် ဧပြီ ၂

နေပြည်တော် မဟာသင်္ကြန်သည် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာတွင် နေပြည်တော် မြို့တော်ခန်းမ ရေကစားမဏ္ဍပ်ကဲ့သို့ အထင်ကရ စည်ကားသောနေရာအဖြစ် နေပြည်တော်ဟိုတယ်ဇုန်သည် ရေကစားမဏ္ဍပ် တည်ဆောက်၍ ရေပက်ကစားခြင်း၊ တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ စတုဒိသာကျွေးမွေးခြင်းဖြင့် စည်ကားသိုက်မြိုက်စွာ နှစ်စဉ်ကျင်းပလျက်ရှိသည်။

နေပြည်တော် မြို့တော်ခန်းမ၌ မတ် ၁၇ ရက်တွင် ကျင်းပသော နေပြည်တော် မဟာသင်္ကြန် ကျင်းပရေးညှိနှိုင်းအစည်းအဝေးပွဲ၏ ဆုံးဖြတ် အတည်ပြုခဲ့သော ရေကစားမဏ္ဍပ်နှင့်ပတ်သက်သည့် စည်းကမ်းချက် (၉)ချက်ကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်နိုင်ရန် အကြောင်းကြားထားကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✻

နေပြည်တော် ဟိုတယ်ဇုန်တွင် တည်ဆောက်နေသော Sky Net ရေကစားမဏ္ဍပ်ကို တွေ့ရစဉ်။ (၀၁၇)

ပြည်သူလူထုအား အသိပေးတင်ပြခြင်း

၁။ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခြင်းလုပ်ငန်းအား နိုင်ငံတစ်ဝန်းလုံးတွင် ၂၀၁၄ ခုနှစ် မတ်လ ၃၀ ရက်နေ့မှစ၍ ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့ ဧပြီလ ၂ ရက်နေ့သည် စတုတ္ထမြောက်နေ့ဖြစ်ပါသည်။

၂။ စာရင်းကောက်ယူရရှိမှုနှင့် ပတ်သက်၍ ၃၁-၃-၂၀၁၄ ရက်နေ့အထိ စာရင်းကောက်ယူဆောင်ရွက်မှုအခြေအနေမှာ ကချင်ပြည်နယ်တွင် အိမ်ထောင်စု ၄၄၇၀၉၊ ကယားပြည်နယ်တွင် အိမ်ထောင်စု ၉၄၀၈၊ ကရင်ပြည်နယ်တွင် အိမ်ထောင်စု ၆၀၉၄၇၊ ချင်းပြည်နယ်တွင် အိမ်ထောင်စု ၁၃၂၆၂၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၂၁၆၅၉၅၊ တနင်္သာရီတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၆၁၂၉၆၊ ပဲခူးတိုင်း(အရှေ့ပိုင်း)ဒေသကြီးတွင် အိမ်ထောင်စု ၁၃၈၅၃၀၊ ပဲခူးတိုင်း(အနောက်ပိုင်း)ဒေသကြီးတွင် အိမ်ထောင်စု ၁၀၄၅၃၅၊ မကွေးတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၁၇၄၁၆၉၊ မန္တလေးတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၂၄၉၀၅၁၊ မွန်ပြည်နယ်တွင် အိမ်ထောင်စု ၈၀၃၇၉၊ ရခိုင်ပြည်နယ်တွင် အိမ်ထောင်စု ၆၅၄၇၇၊ ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ထောင်စု ၂၉၈၄၂၄၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် အိမ်ထောင်စု ၂၂၄၀၆၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် အိမ်ထောင်စု ၉၁၈၀၁၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အိမ်ထောင်စု ၆၉၈၈၄၊ ဧရာဝတီတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၂၈၇၀၁၄၊ နေပြည်တော်ကောင်စီတွင် အိမ်ထောင်စု ၄၇၀၁၄ စုစုပေါင်းအိမ်ထောင်စု ၂၀၃၅၀၀၁ စု ကောက်ယူပြီးစီးပြီဖြစ်ပါသည်။

၃။ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းလျက်ရှိပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမှ ပူးပေါင်းပါဝင်ကူညီလျက်ရှိပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

ရက်စွဲ ၂၀၁၄ ခုနှစ် ဧပြီလ ၂ ရက် **ဗဟိုသန်းခေါင်စာရင်းကော်မရှင်**

ကြေးမုံစာတည်းရှုထောင့် ၃-၄-၂၀၁၄၊ ကြာသပတေးနေ့

ဦးစားပေးအသိ

ဆောင်းကုန်နွေကူး လေရူးသုန်သုန်နှင့်အတူ အဝေးမှပျံ့လွင့်လာသည့် ဥသြသံချိုကိုလည်းကြားလာနေရပြီ။ အထူးသဖြင့် ရန်ကုန်ကန်တော်ကြီးဝန်းကျင်၊ တက္ကသိုလ်ဝန်းကျင်များတွင် နွေဥသြငှက်သံလွှမ်းခြုံနေတတ်မြဲ။ အလွမ်းအဆွေး ခံစားခံရှိသူများအတွက် လွမ်းမောစရာ နွေဦးရာသီ။ ပူပြင်းခြောက်သွေ့ရာသီနှင့်အတူ နောက်ထပ်ဥသြသံတစ်မျိုးကိုလည်း နေ့ညမရွေး အလန့်တကြား ကြားလာနေရပြီ။ အထူးသဖြင့် လမ်းမကြီးများပေါ်တွင် ဥသြဆွဲလျက် ရေးကြီးသုတ်ပျာ ရှိနေကြရှာသော မီးသတ်ယာဉ်၊ အရေးပေါ်လူနာတင်ယာဉ်များ ဦးတည်ရာအရပ်ကို အချိန်မနှောင်းမီရောက်နိုင်ဖို့ အပြေးအလွှားရှိနေတတ်ကြသည်။

မဟာရန်ကုန်၏ အမြဲလိုလိုယာဉ်ကြောပိတ်နေမှုက ထိုထိုသောယာဉ်များဦးတည်ရာအရပ်ဆီ အချိန်မီရောက်ရှိနိုင်ဖို့ အခက်အခဲရှိလာနေသည်။ ဤအခက်အခဲကို ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးက စည်းကမ်းထုတ်ကာ ဖြေရှင်းပေးနိုင်ဖို့ကြိုးစားလာရသည်။ "မော်တော်ယာဉ်မောင်းနှင်သူများသည် မီးလောင်ရာနေရာသို့ သွားလာသည့် မီးသတ်ယာဉ်များနှင့်အရေးပေါ်လူနာတင်ယာဉ်များကို တွေ့ရှိပါက တွေ့ရှိသည့်နေရာတွင် ရှေ့သို့ဆက်လက်မောင်းနှင်ခြင်းမပြုဘဲ လမ်း၏ယာဘက်သို့ကပ်၍ မောင်းနှင်ကြရမည်ဖြစ်ကြောင်း" တာဝန်ရှိသူ၏ရှင်းပြချက်အရသိရသည်။

မီးသတ်ယာဉ်၊ လူနာတင်ယာဉ်များ အပြေးအလွှားဥသြဆွဲသွားနေချိန် လမ်းအချို့ ယာဉ်ကြောပိတ်ဆို့နေတတ်ခြင်းအပြင် တချို့ယာဉ်များမှာ မှန်အလုံပိတ်၍မောင်းနှင်နေခြင်းကြောင့် မီးသတ်ယာဉ်၏ဥသြဆွဲသံကို အလွယ်တကူမကြားနိုင်ခြင်း၊ တချို့ တယ်လီဖုန်းပြော၍ မောင်းနှင်ခြင်းတို့ကြောင့် လမ်းကြောင်း မပိတ်သင့်ဘဲပိတ်နေ၍ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေရကြောင်း သိရသည်။

ယခုအခါ မော်တော်ယာဉ်များ ဥသြသံကြားလျှင် လမ်း၏လက်ယာဘက်ကပ်ရမည့်အစား မီးသတ်ယာဉ်နှင့်အပြိုင် မောင်းနှင်နေကြသည်။ နောက်မှလည်း ကပ်လိုက်ရန်မလို၊ မီးသတ်ယာဉ်နှင့်လူနာတင်ယာဉ်များကိုတွေ့လျှင် ဦးစားပေးမောင်းနှင်သင့်သည်။ သာမန်အတွေးနှင့်မြင်ကြည့်ရုံဖြင့် မီးသတ်ယာဉ်နှင့်လူနာတင်ယာဉ်တို့၏ အရေးပါလွန်းမှုကို သိသာနိုင်ပါသည်။ သို့ပါလျက် "အသိခေါက်ခက် အဝင်နက်" သူတချို့ရှိနေဆဲဖြစ်ရာ တာဝန်ရှိသူများက စည်းနှင့်ကမ်းနှင့်လိုက်နာစေဖို့ လုပ်ယူလာရပြီ။ "ပြောမှသိ၊ ထိမှနာ" တတ်ကြသူတချို့အတွက် ဤသို့မလုပ်၍လည်းမရဖြစ်လာနေပြီ။ ဤအကျင့်ဆိုးများ "ကျွဲကူးရေပါ" ဆိုသလို အများသို့ကူးစက်သွားနိုင်ပါသည်။ မြို့ပြပုံရိပ်နှင့် နိုင်ငံ့ဂုဏ်ကိုလည်း ထိခိုက်ညှိုးနွမ်းစေနိုင်ပါသည်။ လတ်တလောမှာလည်း ယူကျုံးမရဆုံးရှုံးမှုမျိုးစုံနှင့်ကြုံတွေ့သွားနိုင်ပါသည်။ အသိရှိသူက အသိအားနည်းသူကို စည်းကမ်းလိုက်နာအောင် ဝိုင်းကူတွဲထူပေးသည့်အလုပ်မို့ ယူတတ်လျှင် ကုသိုလ်လည်းရပါသည်။

အမှန်မှာ ဤဖြစ်စဉ်ဖြစ်ရပ်အတွက် 'အသိ' ကလေးတစ်ချက်ရှိရုံနှင့် လုံလောက်ပါသည်။ "မရှိတာထက်၊ မသိတာခက်"နေရသလို တချို့သိပါလျက် "အသိခေါက်ခက် အဝင်နက်"နေကြ၍သာ အလုပ်ပိုလာရ၊ အပိုလုပ်လာနေရခြင်းဖြစ်သည်။ ထိုအသိမှာ မီးလောင်နေသောနေရာသည် မိမိအိမ်ဝန်းကျင်မှာဖြစ်နေခဲ့ပါလျှင်၊ လူနာတင်ယာဉ်ပေါ်မှ အရေးပေါ်ဝေဒနာရှင်သည်လည်း မိမိမိသားစုဝင်တစ်ဦးဦးဖြစ်နေခဲ့ပါလျှင်၊ ဤအသိက ကိစ္စအားလုံးကို ရှင်းလင်းပေးသွားပါလိမ့်မည်။

'လူလိုသိပါ၊ ကိုယ်ချင်းစာ'ဟု ဆိုစကားရှိသည်။ အရာရာတွင် 'ကိုယ့်စိတ်နှင့်နှိုင်းမရိုင်း'ဟုလည်း ဆိုထားသည်။ ဤသည်ပင် လူ့နယ်ပယ်၏ ကျင့်ဝတ်၊ လူ့ယဉ်ကျေးမှုတစ်ရပ်ဖြစ်သည်။ မိမိကိုယ်ကို မိမိတာဝန်ယူထိန်းကျောင်းလျက် ဆက်နွှယ်ရာလုပ်ရပ်များအပေါ် တာဝန်ခံတတ်မှုသည် ယနေ့ခေတ်စားနေသည့် ဒီမိုကရေစီ၏အနှစ်အသားလည်း ဖြစ်သည်။

ယခုအခါ နိုင်ငံတော်က မီးငြိမ်းသတ်ယာဉ်များ လုံလုံလောက်လောက်ဖြည့်တင်းပေးထားပြီးဖြစ်သည်။ တစ်နိုင်ငံလုံးတွင် မီးငြိမ်းသတ်ယာဉ်ပေါင်း တစ်ထောင့်လေးရာကျော်ဖြန့်ကြက်ထားပြီးဖြစ်ရာ မြို့နယ်တစ်ခုလျှင် မီးသတ်ယာဉ် ပျမ်းမျှလေးစီးနှုန်းရှိနေပြီဖြစ်သည်။ သို့ပါလျက် မီးစွဲလောင်ပြီဆိုပါလျှင် လက်ဦးမှုမယူနိုင်၊ ဆုံးရှုံးမှုများနေရခြင်းအကြောင်းရင်းများအနက် ဤယာဉ်ကြောပိတ်ဆို့နေမှုကလည်း အချက်တစ်ရပ်ဖြစ်နေရသည်။

ထို့ကြောင့် လမ်းကြောင်းပေါ်မှယာဉ်အချို့ အရေးပေါ်ယာဉ်၊ မီးသတ်ယာဉ်များကိုယ်ပိုင်အသိ၊ ကိုယ်ချင်းစာနာစိတ်နှင့် ဦးစားပေးမောင်းနှင်ကြရန် တိုက်တွန်းပါသည်။ ။

စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်း/တံတား ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများစစ်ဆေး

နေပြည်တော် မေ ၂

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် မတ် ၃၀ ရက် နံနက်ပိုင်းတွင် ကိုယ့်အားကိုယ်ကိုး မူးမြစ်ကူးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မုံရွာ-အရာတော်-နောင်ကြီးအိုင်-မူးကိုင်းကြီး-ဆိပ်ခွန်-ရွှေဘိုလမ်းနှင့် ပရန်းပကားတံတား တည်ဆောက်ရေးလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မုံရွာမြို့၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ လွှတ်တော်အဆောက်အအုံ တည်ဆောက်နေမှုနှင့် ချောင်းမ-လင်းကတော-ပခုက္ကူလမ်းပိုင်းအသစ် ဖောက်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းပိုင်း၌ ငမောက်ချောင်းတံတား တည်ဆောက်နေမှုနှင့် အမှတ်(၂) ပေါက်တံတား(ရေပြာ) တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

မေ ၂

ရန်ကုန်ရွှေဈေး	၆၅၅၁၀၀ -၆၅၆၁၀၀
မန္တလေးရွှေဈေး	၆၅၅၀၀၀ -၆၅၆၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၃၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၂၈. ၇
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၆၄. ၃၂
(ဃ)	တရုတ်	တစ်ယွမ်	= ၁၅၅. ၁၅
(င)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၆၄
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၄. ၆၃
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၀၄၆
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၂၈. ၄၂
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၀၅၁
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၈. ၈၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

(၂၀၁၄)အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့်သူများအား ဂုဏ်ပြု

မန္တလေး မေ ၂

မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းတိုးတက်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်၍ ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် စေတနာရှင် လုပ်အားပေး ကျောင်းသား ကျောင်းသူများအား ကြိုဆိုအားပေးဂုဏ်ပြုပွဲကို မေ ၁ ရက် နံနက် ၈ နာရီခွဲက စဉ့်ကိုင်မြို့နယ်ရှိ ကျောက်ဆည်တက္ကသိုလ် ဧကရာဇ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြင့်လွင်က စဉ့်ကိုင်မြို့နယ်၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ပြောကြားရာတွင် နိုင်ငံသားအားလုံးစာတတ်မြောက်မှ မိမိ၏ပတ်ဝန်းကျင်တစ်ခုလုံးကို လူမှုဘဝမြင့်မားအောင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူအားလုံး စာဖတ်နှုန်းမြင့်မားရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို စာဖတ်ဝိုင်းများပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး စေတနာရှင်လုပ်အားပေး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ကျောက်ဆည်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၂၀၀ သည် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာစုစုပေါင်း ၁၆၈ ခုတွင် စာသင်ဝိုင်း ၂၀၀ ဖြင့် ဒေသခံပြည်သူ ၂၀၀၀ ခန့် စာဖတ်နှုန်းတိုးတက်ရေးအတွက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးတက္ကသိုလ်ပင်မဆောင်၌ ကျင်းပသည့် မဟာအောင်မြေမြို့နယ်အတွင်းရှိ ရပ်ကွက်ရှစ်ရပ်ကွက်သို့ ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြမည့် မန္တလေးတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့မှ စေတနာရှင်လုပ်အားပေးကျောင်းသားကျောင်းသူများအား ကြိုဆိုအားပေးဂုဏ်ပြုပွဲသို့ တက်ရောက်ကာ ဂုဏ်ပြုအမှာစကားပြောကြားပြီး စေတနာရှင်လုပ်အားပေး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ယနေ့မှစတင်ပြုလုပ်ရာ စေတနာရှင်လုပ်အားပေး တက္ကသိုလ်ကျောင်းသားကျောင်းသူများသည် သက်ဆိုင်ရာနေရာများသို့ ထွက်ခွာသွားကြကြောင်း သိရသည်။

တင်မောင် (မန္တလေး)

နိုင်ငံတာဝန်ကျေပွန်ဖို့ရေး ကျသင့်အခွန်မှန်မှန်ပေး

ပြည်တွင်းရေးရာ

ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Johannes Boer အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

နွားထိုးကြီးမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

နေပြည်တော် ဧပြီ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် မတ် ၂၇ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် လက်ဝဲကျေးရွာ ရွှေပွင့်စင်ဘုရားဓမ္မာရုံ၌ လက်ဝဲ၊ မြင်းနီ၊ သူစိုး၊ မာန်လည်၊ စိန်ပန်းကျင်းနှင့် ညောင်ချေပေါ်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နွားထိုးကြီးမြို့နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ လက်ဝဲ-မြင်းနီကျေးရွာများနှင့် လက်ဝဲအခြေခံပညာအထက်တန်းကျောင်းတို့၌ လျှပ်စစ်မီးမရရှိသေးသဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ ရွာကြီးကျေးရွာမှ စိန်ပန်းကျင်းကျေးရွာအထိ လျှပ်စစ်မီးသွယ်တန်းနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးတွင်လည်း လက်ဝဲ-မြင်းနီကျေးရွာများမှ နွားထိုးကြီးမြို့သို့ သွားရောက်ရန်အတွက် ပြောင်းပြာဆည်ပေါင်ကို အသုံးပြုသွားလာရသည့်လမ်းသာရှိကြောင်း၊ ထို့ကြောင့် မော်တော်ယာဉ်များသွားလာနိုင်ပြီး ခရီးတိုသည့်ကျေးရွာချင်းဆက်လမ်းများဖောက်လုပ်ရန်လိုကြောင်း၊ လမ်းဖောက်လုပ်ရာတွင် တောင်သူများ၏ လယ်ယာများမှ မဖြစ်မနေ ဖြတ်သန်းရမည်ဖြစ်သည့်အတွက် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေး တောင်သူတစ်ဦးချင်းက ကျေကျေနပ်နပ်လက်ခံပါက လမ်းဖြစ်မြောက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လုံးတော-လက်ဝဲကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မတ် ၂၈ ရက်တွင် ဒေါင်းဦးကျေးရွာ ဒေါင်းဦးဘုတာရုံရှေ့မြေကွက်လပ်၌ မြေခြား၊ သမင်ဘေး၊ ငှက်ပျောအိုင်၊ သာပေါင်း၊ ကဒေါင်း၊ ဒေါင်းဦး၊ ညောင်ဇင်နှင့် ရွာသစ်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ မြေခြားမှ ညောင်ဇင်အထိ လျှပ်စစ်မီးသွယ်တန်းရေး လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောင်းမြမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေး

နေပြည်တော် ဧပြီ ၂

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့်မိသားစုများက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်ရှိ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစရိတ်စောင့်ရှောက်မှုလုပ်ငန်းနှင့် အားကစားပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ယမန်နေ့မွန်းတည့် ၁၂ နာရီတွင် မြောင်းမြမြို့ မြစန္ဒာရပ်ကွက်(ကွယ်လွယ်)ရှိ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခိုင်ရွှေဝါခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်တို့သည် လူနာများအား ဆေးကုသပေးမှုကို ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ခိုင်ရွှေဝါခန်းမ၌ကျင်းပသည့် အားကစားပစ္စည်းများ လှူဒါန်းပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတိုင်းတွင် ရပ်ရွာမြို့နယ် ဖွံ့ဖြိုးတိုးတက်မှ တိုင်းဒေသတိုးတက်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအလိုက် တိုးတက်လာမှသာ တိုင်းပြည်တိုးတက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကိုယ့်ရပ်ကိုယ့်ရွာမြို့နယ်တိုးတက်စေရေး ဒေသရှိပြည်သူများအနေဖြင့် ကိုယ်စီစိတ်ဓာတ်ဖြင့် ကြိုးစားကြရန်လိုအပ်ကြောင်း၊ လူမျိုးတစ်မျိုး၌ စာပေ၊ ယဉ်ကျေးမှု၊ အားကစားဟူ၍ အဓိကဦးစားပေးရန်လိုကြောင်း၊ အားကစားပြုလုပ်ခြင်းဖြင့် တိုင်းပြည်ရှိ အနာဂတ်လူငယ်များ ဉာဏ်ရည်ပညာပြည့်ဝသည့် ခေါင်းဆောင်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူအားလုံး ကျန်းမာရေးညီညွတ်၍ လူနေမှုဘဝလှပစေရေး အားကစားပြုလုပ်နိုင်ရန်အတွက် အားကစားပစ္စည်းများလှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာများ၌အသုံးပြုရန် ဆိုလာမီးအိမ်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျေးရွာ ၉၈ အုပ်စုအတွက် အားကစားပစ္စည်းများနှင့် မြို့နယ်စာရေးဆရာအသင်းသို့ ငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ နေပြည်တော်မှ

၁၃၇၅ ခုနှစ် နေပြည်တော်မဟာသင်္ကြန်တွင်လည်း ဟိုတယ်ဇုန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ရေကစားမဏ္ဍပ်များကို စတင်တည်ဆောက်လျက်ရှိကြောင်း တွေ့မြင်ရသည်။ စည်းကမ်းချက်နှင့်အညီ နေပြည်တော် ဟိုတယ်ဇုန်တွင် တည်ဆောက်နေသော ရေကစားမဏ္ဍပ်များအနက် Sky Net ရေကစားမဏ္ဍပ်၊ Royal Kumudra ဟိုတယ်မိသားစု ရေကစားမဏ္ဍပ်၊ နွေပန်းချီရေကစားမဏ္ဍပ်၊ Hotel ACE ရေကစားမဏ္ဍပ်များ ပါဝင်ကြောင်း သိရသည်။ **(၀၁၇)**

WTO ဆိုင်ရာ Seminar နှင့် Workshop ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဂျာမနီနိုင်ငံ GIZ နှင့် ဂျီနီဗာမြို့အခြေစိုက် IDEAS တို့ ပူးပေါင်း၍ WTO ဆိုင်ရာ Seminar နှင့် Workshop များ ဖွင့်လှစ်ပွဲကို နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ဧပြီ ၂ ရက် နံနက် ၉ နာရီခွဲတွင်ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း တက်ရောက် အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို မကြာမီကပင် အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ National Export Strategy ရေးဆွဲမှုကို GIZ ၏ ငွေကြေးထောက်ပံ့မှုဖြင့် ဆောင်ရွက်နေပါကြောင်း၊ National Trade Facilitation Implementation Plan ကိုလည်း သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ဆွေးနွေးညှိနှိုင်းကာ ရေးဆွဲနေပါကြောင်း၊ Enhanced Integrated Framework ကိုလည်း ယခုကပင် စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီး မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့်ဆက်နွယ်နေသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အလေ့အကျင့်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ ဖြစ်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ GIZ မှ Ms. Anja Gomm က ဂျာမနီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်နေမှုကို အသိအမှတ်ပြုပါကြောင်း၊ မိမိတို့အနေဖြင့် ဆက်လက်ပြီး ကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းကို အောင်မြင်စွာ လုပ်နိုင်ခဲ့သဖြင့် ချီးကျူးပါကြောင်း ပြောကြားသည်။

IDEAS မှ Mr. Nicolas Imboden က IDEAS အနေဖြင့် WTO ဆိုင်ရာ ဘာသာရပ်များကို ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ သက်ဆိုင်သူများ သိရှိနားလည်စေရန် ဆွေးနွေးပွဲများပြုလုပ်နေကြောင်း ပြောကြားသည်။

အဆိုပါ Seminar နှင့် Workshop သို့ ကုန်သွယ်မှုနှင့် ဆက်နွယ်နေသည့် ဌာနအဖွဲ့အစည်း ၃၈ ခုမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ ၅၀ တက်ရောက်ကြပြီး ဧပြီ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များကို WTO ဆိုင်ရာ ဘာသာရပ်များဆွေးနွေးတင်ပြမည့် Workshop ကိုလည်း ရန်ကုန်မြို့ရှိ UMFCCI ရုံးချုပ်အဆောက်အအုံ၌ ဧပြီ ၇ ရက်တွင်ကျင်းပရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရုရှားနှင့်ပူးပေါင်းဆောင်ရွက်မှုဆိုင်းငံ့မည်ဟု မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ ထုတ်ပြန်ကြေညာ

ဧပြီ ၁ ရက်က နေတိုးအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်။

ဘရပ်ဆယ် ဧပြီ ၂

ခရိုင်းမီးယားပြဿနာအပေါ် အကြောင်းပြု၍ ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုအရပ်ရပ်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားလိုက်ကြောင်း မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ဧပြီ ၂ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ယူကရိန်းနိုင်ငံ၏ အရှေ့ဘက်နယ်စပ်ဒေသအနီးမှ ရုရှားတပ်ဖွဲ့များ ရုပ်သိမ်းသည့် လက္ခဏာမတွေ့ရှိရကြောင်း၊ မိမိတို့၏တပ်ဖွဲ့များအား ရုပ်သိမ်းပေးပြီဆိုသော ရုရှားအစိုးရ၏ ကြေညာချက်နှင့်ပတ်သက်၍ အတည်မပြုနိုင်သဖြင့် သံသယဖြစ်မိကြောင်း နေတိုးအတွင်းရေးမှူးချုပ် အင်ဒရေဖို့ရက်စ်မူဆင်က ပြောကြားသည်။

ဆုံးဖြတ်

ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများဆိုင်းငံ့ထားရန် ဧပြီ ၁ ရက်က ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့၌ကျင်းပသော နေတိုးနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။

ဓာတ်ငွေ့ဈေးနှုန်းကို အဆမတန်မြှင့်တင်လိုက်ခြင်းဖြင့် ယူကရိန်းနိုင်ငံ၏ စီးပွားရေးအပေါ် ရုရှားနိုင်ငံကဖိအားပေးမှု ဖြစ်ပေါ်နေချိန်အတွင်း နေတိုး၏ အထက်ပါဆုံးဖြတ်ချက်ပေါ်ထွက်လာသည်။

ထိုစဉ်အတွင်း နိုင်ငံရေးပဋိပက္ခဖြစ်ပေါ်ချိန်တွင် ယူကရိန်းနိုင်ငံတစ်ဝန်း၌ ဖွဲ့စည်းခဲ့ကြသော ကိုယ်ပိုင်ကာကွယ်ရေးအဖွဲ့များကို ပြန်လည်ဖျက်သိမ်းပေးရန် ရုရှားအစိုးရ၏ တောင်းဆိုချက်ကို ယူကရိန်းပါလီမန်ကလက်ခံခဲ့သည်။ ယခင် ယူကရိန်းအစိုးရအဖွဲ့သည် ဥရောပသမဂ္ဂနှင့် မဟာမိတ်ပြုရေး သမိုင်းဝင်သဘောတူညီချက်တစ်ရပ်ကို ပစ်ပယ်ခဲ့ပြီးနောက် ဆန္ဒပြပွဲများဆက်တိုက်ဖြစ်ပွားခဲ့ပြီး ဒေသဆိုင်ရာကိုယ်ပိုင်ကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။

ရုရှားနိုင်ငံနှင့် စစ်ရေးနှင့်အရပ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအရပ်ရပ်ပြုလုပ်ခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ရုရှားနှင့်နေတိုးအဖွဲ့အကြား သံတမန်ရေးလမ်းကြောင်းအရ ဆက်သွယ်မှု ဆက်လက်ရှိနေမည်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ပြောကြားသည်။

ပီတီအိုင်။

ပါ့သ် ဧပြီ ၂

လွန်ခဲ့သည့် ရက်သတ္တသုံးပတ်ကျော်က ပျောက်ဆုံးသွားခဲ့သော မလေးရှားခရီးသည်တင်လေယာဉ်ကို ရှာဖွေလျက်ရှိကြသော လေယာဉ်များ ဝေဟင်အတွင်း တစ်စင်းနှင့် တစ်စင်း တိုက်မိခြင်းမှ ရှောင်ရှားနိုင်စေရေးအတွက် ပျံသန်းနေသော လေကြောင်းထိန်းသိမ်းရေးစခန်းတစ်ခုအဖြစ် အသုံးပြုနိုင်ရန် ဘိုးအင်း-၇၃၇ အမျိုးအစား လေယာဉ်တစ်စင်းကို ဩစတြေးလျ လေတပ်က ဖြန့်ကြက်လိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဧပြီ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပျံသန်းနေသော လေကြောင်းထိန်းသိမ်းရေးစခန်းအဖြစ်

လေယာဉ်တစ်စင်းကို အိန္ဒိယသမုဒ္ဒရာအတွင်း ဖြန့်ကြက်

ခေတ်မီနည်းပညာသုံး အီး-၇ အေဝက်ဂီတေး ကြိုတင်သတိပေးရေး ရေဒါစနစ်တပ်ဆင်ထားသော ဘိုးအင်း လေယာဉ်တစ်စင်းကို ပျံသန်းနေသော လေကြောင်းထိန်းသိမ်းရေးစခန်းအဖြစ် အသုံးပြုနိုင်ရန် ဩစတြေးလျ လေတပ်က အိန္ဒိယသမုဒ္ဒရာ၏ ရှာဖွေရေးဇုန်ဝေဟင်အတွင်း ဖြန့်ကြက်ထားသည်။

အဆိုပါ လေယာဉ်သည် လေကြောင်းပျံသန်းမှုဆိုင်ရာ ကြိုတင်သတိပေးရေးစနစ်ကို အသုံးပြုကာ ရှာဖွေရေးလေယာဉ်များ ဘေးကင်းစွာ ပျံသန်းနိုင်စေရန် အထောက်အကူပြုမည်ဖြစ်ကြောင်း လေတပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မတ် ၈ ရက် မလေးရှားနိုင်ငံ မြို့တော်ကွာလာလမ်ပူမှ တရုတ်နိုင်ငံ ပေကျင်းမြို့သို့ ပျံသန်းလာသည့်ခရီးသည်တင် လေယာဉ် ပျောက်ဆုံးသွားခဲ့သည်။ ယခုအခါ အိန္ဒိယသမုဒ္ဒရာ ရှာဖွေရေးဇုန်တွင် လေယာဉ် ၁၀စင်းနှင့် ရေယာဉ်ကိုးစင်းတို့က ပျောက်ဆုံးနေသော လေယာဉ်ကို ရှာဖွေလျက်ရှိသည်။

ပီတီအိုင်။

ပျံသန်းနေသော လေကြောင်းထိန်းသိမ်းရေးစခန်းအဖြစ် အသုံးပြုသည့် လေယာဉ်ကို တွေ့ရစဉ်။

ပီရူးနိုင်ငံတွင် မူလတန်းကျောင်းသားများ ဓာတ်ငွေ့အဆိပ်သင့်

လီမာ ဧပြီ ၂

ပီရူးနိုင်ငံ မြို့တော် လီမာ မြောက်ဘက် ဆင်ခြေဖုံးဒေသရှိ စာသင်ကျောင်းခြောက်ကျောင်းမှ မူလတန်းကျောင်းသား ၁၀၀ ကျော်သည် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် အဆိပ်သင့်ခံရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂ရက်တွင် ပြောကြားသည်။

ခံစားကြရ

ဓာတ်ငွေ့အဆိပ်သင့်ခံရသော ကျောင်းသားများအနက် ၈၅ ဦးခန့်မှာ မအီမသာဖြစ်ခြင်း၊ အော့အန်ခြင်း၊ မျက်လုံးများ နီလာခြင်း၊ ဝမ်းဗိုက်နာကျင်ခြင်းနှင့် လည်ချောင်းတစ်လျှောက် ပူလောင်ခြင်း ဝေဒနာများခံစားကြရကြောင်း၊ ၎င်းတို့အား ဆေးရုံများသို့ ပို့ဆောင်ပေးလိုက်ရကြောင်း ကျန်းမာရေးဌာနမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ကျောင်းသား ၃၅ဦးမှာ ဝမ်းဗိုက်နာကျင်မှုဝေဒနာကို ကုသရန် ယူရန်တီပီးဒရာဆေးရုံသို့ ပို့ဆောင်ပြီး ကုသပေးခြင်း၊ စောင့်ကြည့်ခြင်းများ ခံယူလျက်ရှိသည်။ ဓာတ်ငွေ့ ယိုစိမ့်ရာမှ အဆိပ်သင့်မှု ဖြစ်ရပ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**

ဂျပန်နိုင်ငံ၌ ထုတ်လုပ်သော ယူအက်စ်-၂ အမျိုးအစား ဝေဟင်နှင့်ရေပြင်တွင် မောင်းနှင်နိုင်သော လေယာဉ်တစ်စင်းကို တွေ့ရစဉ်။

ပြည်ပသို့ စစ်လက်နက်တင်ပို့မှု တားမြစ်ခြင်းကို ဂျပန်ဖြေလျှော့ပြီ

တိုကျို ဧပြီ ၂

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက မဟာမိတ်နိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာစေရန်နှင့် အရှုံးနှင့်ရင်ဆိုင်နေရသော ပြည်တွင်းကာကွယ်ရေးစက်မှုလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးရန် ကြိုးစားလျက်ရှိစဉ် ရာစုဝက်နီးပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်သည့် လက်နက်များလွှဲပြောင်းပေးရေးမူဝါဒကို အခြေခံကျကျပြုပြင်ရာတွင် ပြည်ပသို့ လက်နက်တင်ပို့ရောင်းချခြင်းအား တားမြစ်ပိတ်ပင်ထားခြင်းကို ဂျပန်နိုင်ငံက အင်္ဂါနေ့တွင် ဖြေလျှော့လိုက်ပြီဖြစ်သည်။

ဂျပန်အစိုးရက ယင်းသို့ဖြေလျှော့ရာ၌ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် ဂျပန်နိုင်ငံလုံခြုံရေးတို့ကို ထမ်းဆောင်သည့်အခါ ပြည်ပသို့ လက်နက်များတင်ပို့ခြင်း၊ စစ်လက်နက်ပစ္စည်းများ၊ နည်းပညာဖွံ့ဖြိုးရေးနှင့် ထုတ်လုပ်ရေးတို့တွင် ပူးပေါင်းပါဝင်ခြင်းတို့ကို ခွင့်ပြုရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ဂျပန်နိုင်ငံ၏ အရင်းအနှီးဆုံးမိတ်ဆွေ အမေရိကန်ပြည်ထောင်စုသို့ စစ်လက်နက်နည်းပညာများ လွှဲပြောင်းပေးအပ်ခြင်းကို ခြွင်းချက်ဖြင့် ခွင့်ပြုသည်မှလွဲ၍ စစ်လက်နက်များ ပြည်ပသို့ တင်ပို့ခြင်းကို တားမြစ်ထားသည့် ဆယ်စုနှစ်နှင့်ချီ၍ ကြာမြင့်နေသော မူဝါဒကို အလှည့်အပြောင်း ပြုလုပ်ခြင်းဖြစ်သည်။

အရှေ့တရုတ်ပင်လယ်ပြင်အတွင်း ကျွန်းစုငယ်များကို ပိုင်ဆိုင်ကြောင်း အငြင်းပွားရာမှ တရုတ်နှင့်ဂျပန်နိုင်ငံတို့အကြား ဆက်ဆံရေး အေးတိအေးစက် ဖြစ်နေချိန်တွင် ဤသို့သော လုပ်ဆောင်ချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံ၏ စစ်ဘက်လုံခြုံရေးဆိုင်ရာ မူဝါဒသည် ဒေသတွင်းတည်ငြိမ်ရေးကို စိုးရိမ်စေကြောင်း၊ ၎င်းတို့အနေဖြင့် အထူးသတိထားနေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွန်းလိုင်က ပြောကြားခဲ့သည်။ **ရိုက်တာ။**

တရုတ်တွင် ဗိုလ်ချုပ်ကြီးဟောင်းကို အဂတိလိုက်စားမှုဖြင့် စွဲချက်တင်

ပေကျင်း ဧပြီ ၂

တရုတ်နိုင်ငံတွင် ဗိုလ်ချုပ်ကြီးဟောင်း ဂူယွင်ရှန်းကို အဂတိလိုက်စားမှု၊ နိုင်ငံတော်ပိုင်ဘဏ္ဍာငွေကိုအလွဲသုံးစားမှုနှင့်အာဏာအလွဲသုံးစားမှုတို့ပြုလုပ်ခဲ့ကြောင်း စွပ်စွဲထားသည်ဟု နိုင်ငံပိုင်မီဒီယာများက ဖော်ပြသည်။

တရုတ်ကြည်းတပ်တွင် ဒုတိယထောက်ပို့အကြီးအကဲဖြစ်ခဲ့သော ဗိုလ်ချုပ်ကြီးဂူသည် ၂၀၀၆ ခုနှစ်မှ ယနေ့အထိကာလအတွင်း စစ်ခုံရုံးတင်ခြင်းခံရမည့် ဝါအရင့်ဆုံး အဆင့်မြင့်တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သည်ဟု သတင်းများက ဆိုသည်။

၎င်းကို ၂၀၁၂ ခုနှစ်တွင် ရာထူးမှဖယ်ရှားခဲ့ပြီး ထိုအချိန်မှစတင်ကာ စစ်ဆေးမှုပြုလုပ်ခဲ့သည်။

သမ္မတ ရှီကျင့်ဖျင်က ကွန်မြူနစ်ပါတီ အလွှာအသီးသီး၌ အဂတိလိုက်စားခြင်းကိုတိုက်ဖျက်မည်ဟု ကြေညာခဲ့ပြီးဖြစ်သည်။

ဗိုလ်ချုပ်ကြီးဂူသည် အသုံးအစွဲကြီးသူတစ်ဦးဖြစ်ဖွယ်ရာရှိသည်ဟု တရုတ်မဂ္ဂဇင်း ကိုင်စင်တွင် ရေးသားထားသည်။ ယင်းအပြင် ရွှေဖြင့် ပြုလုပ်ထားသည့် ရုပ်တုများ၊ အနုပညာပစ္စည်းများဖြင့် တန်ဆာဆင်ထားသော တရုတ်နိုင်ငံ၏ ဧကရာဇ်နန်း တော်ဟောင်းများပုံစံကဲ့သို့သော ဟီနန်ပြည်နယ်ရှိ အိမ်တစ်လုံး အပါအဝင် အဆောက်အအုံအများအပြားကိုလည်း ပိုင်ဆိုင်ထားသည်ဟု ဖော်ပြသည်။

ဗိုလ်ချုပ်ကြီးဂူ၏ ဆရာ ဗဟိုစစ်ကော်မရှင်၌ အရှိန်အဝါဩဇာအာဏာကြီးမားသော ဒုတိယဥက္ကဋ္ဌ ကိုင်ဟူးကိုလည်း ဖမ်းဆီးထားပြီး စစ်ဆေးလျက်ရှိကြောင်း ဆော့ချိုင်းနားမောနင်းပို့(စ်)၊ ရိုက်တာနှင့် နယူးယောက်တိုင်း(မ်)တို့တွင် ဖော်ပြထားသည်။

ဘီဘီစီ။

ပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များ အောင်လက်မှတ်ဆက်ကပ်လှူဒါန်းပွဲ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်ကြည်ညိုပူဇော်

နေပြည်တော် မေ ၂

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရမည်းသင်းမြို့ ရန်အောင်မြင် သာသနာ့ဗိမာန်၌ ၂၀၁၃ ခုနှစ် ပါဠိပထမပြန် စာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ကြည်ညိုခဲ့သည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ရမည်းသင်းမြို့ ရန်အောင်မြင်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၅) ကြိမ်မြောက် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များ အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်၍ ကြည်ညိုကာ အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ရှေးဦးစွာ ရန်အောင်မြင်ကျောင်းဆရာတော် ဘဒ္ဒန္တဂန္ဓသာရထံမှ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။

ထို့နောက် ၂၀၁၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ လူပုဂ္ဂိုလ်ဆိုင်ရာ အဘိဓမ္မာစာမေးပွဲ၌ ဝိသုဒ္ဓိမဂ်ပထမအဆင့် အောင်မြင်သူများအား အောင်လက်မှတ်များ ပေးအပ်ပြီး အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဧည့်ပရိသတ်များက ရန်အောင်မင်းကျောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရားနာယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သာသနာရေး ဝန်ကြီးဌာနနှင့် သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၁၃၇၄ (၂၀၁၃)ခုနှစ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် ရမည်းသင်းမြို့နယ်မှ နိကာယ်တန်းတွင် ဝိနယဝိဒူဘွဲ့ရ ဆရာတော်တစ်ပါး၊ ပထမကြီးတန်းတွင် ငါးပါး၊ ပထမလတ်တန်းတွင် ၁၄ ပါးနှင့် ပထမငယ်တန်းတွင် ၂၉ ပါး အသီးသီး အောင်မြင်တော်မူခဲ့ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဦးနှင့် ဦးဇော်ဝင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မသန်စွမ်းသုံးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (၁၂) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားနှင့် ပညာသင်ထောက်ပံ့ငွေနှင့် မသန်စွမ်းသုံးအထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် လမ်းမတော်မြို့နယ်ရှိ ကုန်သည်/စက်မှုအသင်းချုပ်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးမြတ်ဦးနှင့် LDSC (Latterday Saint Charitles Elder & Sister Hobbs) မှ ဌာနေကိုယ်စားလှယ် Mr. Hoob တို့က အမှာစကားပြောကြားကြပြီး အသင်း၏ နှစ်ပတ်လည်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးမြတ်မိုးက တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် LDSC မှ ဌာနေကိုယ်စားလှယ်တို့က မသန်စွမ်းသူများအား ဘီးတပ်ကုလားထိုင်များ ပေးအပ်ပြီး အသင်းအမှုဆောင် ဒေါ်တင်ဌေးရီနှင့် အသင်းဥက္ကဋ္ဌတို့က မသန်စွမ်း ကျောင်းသား ကျောင်းသူများနှင့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့သည့်အသင်းမှ မသန်စွမ်းအားကစားသမားများအား ပညာသင်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုငွေများကို ပေးအပ်ကြသည်။

ထို့နောက် အသင်းအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အလှူငွေကျပ် နှစ်သိန်း၊ အလှူရှင် ၁၇ ဦးက အလှူငွေကျပ် ၁၈၀၁၈၃၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောင်းပါးပြိုင်ပွဲ စာမူရှင်များ ဖိတ်ခေါ်

ရန်ကုန် မေ ၂

ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ၂၀၁၄ ခုနှစ် "ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ပြုလုပ်သွားမည်ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သော "RAISE TAXES ON TOBACCO" ကို အခြေခံ၍ ရေးရန်ဖြစ်ပြီး ဆောင်ပုဒ်နှင့်ညီညွတ်သော ခေါင်းစဉ်ကို မြန်မာဘာသာပြန်၍ မြန်မာဘာသာဖြင့် ကိုယ်တိုင်ရေးဆောင်းပါးများ ပေးပို့နိုင်သည်။

စာမျက်နှာ ကန့်သတ်ချက်မှာ A-4 Size ဖြင့် စာမျက်နှာ(၅)မျက်နှာထက် မကျော်လွန်ရ။ ကွန်ပျူတာဖြင့် ရိုက်ထားသော စာမူတစ်စောင်နှင့်အတူ စီဒီတစ်ချပ်ကိုပါ ပူးတွဲပေးပို့ရမည်။ ၂၀၁၄ ခုနှစ် မေ ၅ ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော စာမူများကို လက်ခံမည်မဟုတ်။ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း အမှတ်(၅၂) ချင်းတွင်းလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့၍ ဆက်သွယ်ရန် ဖုန်း-၀၁-၂၃၀၅၈၂၉၊ ၀၉-၅၃၀၀၃၀၁နှင့် ၀၉-၄၂၀၇၂၇၉၆၆ တို့ဖြစ်သည်။ ပတ်စ်ပို့အရွယ် ဓာတ်ပုံတစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များ ပူးတွဲပေးပို့ရန်ဖြစ်ပြီး ပထမဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငါးသိန်း၊ တတိယဆု သုံးသိန်း၊ နှစ်သိမ့်ဆု နှစ်သိန်းချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မေ ၂

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အခြေစိုက် အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာန (ASEAN Centre for Biodiversity- ACB) တို့ ပူးပေါင်း၍ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၁ ရက် နံနက် ၉ နာရီတွင် နေပြည်တော် Royal Kumudra Hotel ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အခြေစိုက် အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာန (ASEAN Centre for Biodiversity- ACB) မှ ညွှန်ကြားရေးမှူး Ms. Clarissa Cabildo Arida၊ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းဆိုင်ရာ ဒေသဆိုင်ရာ စီမံကိန်းညှိနှိုင်းရေးမှူး (ABS Regional Coordinator) Mr. Anthony Charles Thomas M. Foronda၊ United Nations University Institute of Advanced Studies မှ Senior Adjunct Fellow Mr. Geoffrey Charles Burton၊ ပြည်တွင်းရှိ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၅ ဦး တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်း၊ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အခြေစိုက် အာဆီယံဇီဝမျိုးစုံမျိုးကွဲ ဗဟိုဌာန (ASEAN Centre for Biodiversity -ACB) မှ ညွှန်ကြားရေးမှူး Ms. Clarissa Cabildo Arida တို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းနှင့် စပ်လျဉ်းသည့် မူဝါဒဆိုင်ရာသုံးသပ်ချက်များ (Review and Assessment of ABS Policies in Myanmar) ကို လည်းကောင်း၊ မျိုးရိုးဗီဇအရင်းအမြစ်များ ထုတ်ယူသုံးစွဲခြင်းနှင့် အကျိုးအမြတ် ခွဲဝေခံစားခြင်းမူဝါဒ အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်းသည့် အချက်များကိုလည်းကောင်း၊ United Nations University Institute of Advanced Studies မှ Senior Adjunct Fellow Mr. Geoffrey Charles Burton က Outline of National ABS Legal Framework ကို လည်းကောင်း ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသူများက ဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို မေ ၁ ရက်တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





မိုးကြိုကာလ မိုးလေဝသဖြစ်စဉ်များ

ကျော်လွင်ဦး (မိုး/ဇလ)

ရာသီစက်ဝန်းတို့သည် ဆောင်းမှနွေသို့ တရွေ့ရွေ့ ပြောင်းခဲ့ပါသည်။ ၂၀၁၄ ဆောင်းရာသီအကုန်၊ နွေရာသီအစတွင် ထူးထူးခြားခြား ရာသီဥတုဖြစ်စဉ်များမရှိခဲ့ကြောင်း တွေ့ရသည်။ ယခုအချိန်ကာလသည် ရာသီအလိုအရ မိုးမကျမီကာလ၊ ပူပြင်းခြောက်သွေ့သည့် မိုးကြိုကာလ။ တစ်နည်းအားဖြင့် မိုးရာသီနှင့် နွေရာသီ အကူးအပြောင်း ကြားကာလဖြစ်ပါသည်။ မိုးကြိုကာလအတွင်း အပူချိန်မြင့်မားခြင်း၊ မုန်တိုင်းများဖြစ်ပေါ်တတ်ခြင်း၊ မိုးထစ်ချုန်းရွာ၍ မိုးသီးကြွေခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ တစ်ခါတစ်ရံ လေဆင်နှာမောင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်တတ်ပါသည်။ မိုးကြိုကာလနှင့် ဆက်စပ်သည့် မိုးလေဝသအခြေအနေများ၊ ဖြစ်ပေါ်နိုင်သည့် ရာသီဥတုအခြေအနေများနှင့် ပတ်သက်၍ အောက်ပါအတိုင်းအကြံပြုတင်ပြလိုက်ပါသည်။

မိုးကြိုရာသီမိုးလေဝသအခြေအနေများ

မြန်မာနိုင်ငံ၏တည်နေရာ၊ ပထဝီအနေအထားအရ မုတ်သုံမဝင်မီ ဆောင်းမှနွေပြောင်းသောရာသီဖြစ်သည့် မတ်လ၊ ဧပြီလများသည် အပူချိန်မြင့်မားသည့်ကာလဖြစ်ပြီး တစ်ခါတစ်ရံ အိန္ဒိယနိုင်ငံဘက်မှ လေပွေလှိုင်းများဖြတ်ကျော်မှုကြောင့် လေထုအခြေမခိုင်မှုမှတစ်ဆင့် မိုးတိမ်တောင်ကြီးများဖြစ်ပေါ်ကာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးထစ်ချုန်းခြင်း၊ မိုးသီးကြွေကျခြင်း၊ မိုးစနေ၊ လေရာဟု (မိုး-အနောက်တောင်၊ လေ-အနောက်မြောက်) ဆိုသည့်အတိုင်း အနောက်မြောက်ဘက်မှ လေပြင်းများ တစ်နာရီမိုင် ၃၀ မှ ၄၀ အထိ တိုက်ခတ်လေ့ရှိပါသည်။ မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်း ရွာခြင်းတို့ဖြစ်ပေါ်လေ့ရှိပြီး များသောအားဖြင့် မွန်းလွဲ၊ ညနေပိုင်းတို့တွင်အဖြစ်များပါသည်။ ၂၀၁၄ မတ်လအတွင်း အထက်ပါ မိုးလေဝသဖြစ်စဉ်များကို မတ် ၂၀ ရက် နေ့လယ်ပိုင်းတွင် တမူးမြို့၌ ဆီးသီးကင်းခန့်အရွယ် မိုးသီးများ ကြွေကျခြင်း၊ မတ် ၂၃ ရက်တွင် ကျိုင်းတုံမြို့၊ မော်လိုက်မြို့နှင့် တမူးမြို့တို့တွင် မိုးသီးများကြွေကျခဲ့ပါသည်။ မိုးသီးကြွေကျခြင်းသည် အလွန်အားကောင်းကြီးမားသည့် မိုးတိမ်တောင်မှသာဖြစ်ပေါ်ပြီး မိုးတိမ်တောင်အရွယ်အစား ကြီးခြင်း၊ မိုးတိမ်တောင်အတွင်းရှိ အထက်၊ အောက်လေတိုက်နှုန်း ပြင်းထန်မှုနှင့် ရေငွေ့ပါဝင်မှုများခြင်းတို့သည် မိုးသီးအရွယ်အစားကို ကြီးမားစေပါသည်။ အရွယ်အစားကြီးမားသည့် မိုးသီးကြွေကျပါက လူ၊ တိရစ္ဆာန်၊ အဆောက်အအုံနှင့် ကောက်ပဲသီးနှံများကို အန္တရာယ်ပြုတတ်ပါသည်။

မိုးကြိုကာလမုန်တိုင်းများ

ဧပြီလသည် ဘင်္ဂလားပင်လယ်အော်၏ မုန်တိုင်းရာသီ၏အစ ပထမလဖြစ်ပါသည်။ မိုး/ဇလပညာရှင်အချို့၏ လေ့လာချက်အရ လွန်ခဲ့သော ၁၈၇၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် မုန်တိုင်းများအနက် ဧပြီလတွင် မုန်တိုင်းအရေအတွက် အကြိမ် ၂၀ ခန့်ဖြတ်ကျော်ခဲ့ပြီး နောက်ဆုံးဝင်ရောက်ခဲ့သည့် ဧပြီလမုန်တိုင်းမှာ ၂၀၀၆ ခုနှစ်တွင် ရခိုင်ပြည်နယ်တောင်ပိုင်း ဂွမြို့အနီးမှဝင်ရောက်ခဲ့သည့် မာလာမုန်တိုင်းကြီး ဖြစ်ပါသည်။ ထို့ကြောင့် ဧပြီလသည် မုန်တိုင်းအန္တရာယ်ကို သတိပြုရမည့်ကာလဖြစ်သကဲ့သို့ မုန်တိုင်းမလာမီ၊ မုန်တိုင်းတိုက်ခတ်စဉ်၊ မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ဆောင်ရွက်ရမည့် မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း အစီအစဉ်များလည်း အသင့်အနေအထားတွင် ရှိသင့်ပါသည်။

ဧပြီလ နေ့အပူချိန်

ဒေသတစ်ခု၏ အပူချိန်သည် ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပါက ဖြစ်မြဲထက်ပိုသည်ဟု သတ်မှတ်လျှင် ၂၀၁၄ ခုနှစ် မတ်လအတွင်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် အမြင့်ဆုံးနေ့အပူချိန်များသည် အများအားဖြင့် ပုံမှန်ထက် အနည်းငယ်ပိုခဲ့ပြီး မတ်လအတွက် အမြင့်ဆုံးနေ့အပူချိန်ကို မတ် ၃၁ ရက်တွင် မကွေးတိုင်းဒေသကြီး ချောက်မြို့၌ ၄၄ ဒသမ ၂ ဒီဂရီစင်တီဂရိတ်တိုင်းထွာရရှိခဲ့ပါသည်။ အထူးသဖြင့် မတ်လ၏ နောက်ဆုံး ၅ ရက်သည် အပူချိန်သိသိသာသာတိုးလာခဲ့ပြီး ညောင်ဦးမြို့၊ ကလေးဝမြို့နှင့် ကျောက်တော်မြို့တို့တွင် အပူချိန်စံချိန်သစ်များ တိုင်းထွာရရှိခဲ့ပါသည်။

၁၉၆၁-၁၉၉၀ နှစ် (၃၀)ကာလရှိ ဧပြီလများတွင် ဖြစ်ပေါ်ခဲ့သည့် ပျမ်းမျှအမြင့်ဆုံး အပူချိန်မှတ်တမ်းများအရ ကချင်ပြည်နယ်တွင်၂၄ ဒီဂရီစင်တီဂရိတ်မှ ၃၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ၂၄ ဒီဂရီစင်တီဂရိတ်မှ ၂၆ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်တွင် ၂၇ ဒီဂရီစင်တီဂရိတ်မှ ၃၅ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ၃၂ ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် ၃၇ ဒီဂရီစင်တီဂရိတ်မှ ၃၈ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၃၇ ဒီဂရီစင်တီဂရိတ်မှ ၃၈ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီးတွင် ၃၈ ဒီဂရီစင်တီဂရိတ်မှ ၄၀ ဒီဂရီစင်တီဂရိတ်၊ ရခိုင်ပြည်နယ်တွင် ၃၂ ဒီဂရီစင်တီဂရိတ်မှ ၃၄ ဒီဂရီစင်တီဂရိတ်၊ ကယားပြည်နယ်တွင် ၃၃ ဒီဂရီစင်တီဂရိတ်၊ ကရင်ပြည်နယ်တွင် ၃၇ ဒီဂရီစင်တီဂရိတ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၃၇ ဒီဂရီစင်တီဂရိတ်မှ ၃၉ ဒီဂရီစင်တီဂရိတ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၃၇ ဒီဂရီစင်တီဂရိတ်မှ ၃၈ ဒီဂရီစင်တီဂရိတ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် ၃၆ ဒီဂရီစင်တီဂရိတ်မှ ၃၈ ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်တွင် ၃၅ ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒီဂရီစင်တီဂရိတ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၃၃ ဒီဂရီစင်တီဂရိတ်မှ ၃၄ ဒီဂရီစင်တီဂရိတ် အသီးသီးရှိပြီး မကွေးတိုင်းဒေသကြီးသည် အပူချိန်အမြင့်ဆုံးဖြစ်ပါသည်။

အပူချိန်မြင့်မားမှုနှင့်အတူ ကြိုတင်ကာကွယ်ရမည့် ခရမ်းလွန်ရောင်ခြည်

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် နှစ်စဉ် မတ် ၁ ရက်မှစ၍ အနောက်တောင်မုတ်သုံလေ တစ်ပြည်လုံးသို့ဝင်ရောက်သည့်နေ့အထိ နေ့စဉ်အမြင့်ဆုံး အပူချိန်သတင်းများ၊ ခန့်မှန်းချက်များ ထုတ်ပြန်ပေးလျက်ရှိပြီး နေ့အပူချိန်လွန်ကဲနိုင်မည့် အခြေအနေများတွင် နောက် ၅ ရက်အတွက်အပူချိန်ခန့်မှန်းချက်များ ထုတ်ပြန်ပေးခြင်း၊ အပူချိန်စံချိန်တင်သည့် သတင်းများနှင့် ၁၀ ရက်ပတ်ခန့်မှန်းချက်များ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းခန့်မှန်းချက်များကို လက်ရှိအခြေအနေတွင် ထုတ်ပြန်ပေးခြင်း မရှိပါ။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်တို့ ပူးပေါင်းအကြံပြုချက်များတွင် နေမှလာသော ခရမ်းလွန်ရောင်ခြည်၏ လှိုင်းအလျားပေါ်မူတည်၍ (အေ)၊ (ဘီ)၊ (စီ) အုပ်စုများရှိကြောင်း၊ (စီ) အုပ်စုရောင်ခြည်အားလုံးနှင့် ၉၀ ရာခိုင်နှုန်းခန့်သော (ဘီ)အုပ်စု ခရမ်းလွန်ရောင်ခြည်တို့မှာ ကမ္ဘာ့လေထုအတွင်းရှိ အိုဇုန်း၊ ရေငွေ့၊ အောက်ဆီဂျင်နှင့်ကာဗွန်ဒိုင်အောက်ဆိုက်တို့မှ စုပ်ယူထားပြီး (အေ)အုပ်စုနှင့် (ဘီ)အုပ်စုခရမ်းလွန်ရောင်ခြည် ဖြာထွက်မှုအနည်းငယ်သာ ကမ္ဘာမြေပြင်သို့ကျရောက်လာကြောင်း လေ့လာသိရှိရပါသည်။ ခရမ်းလွန်ရောင်ခြည်ဖြာ ထွက်မှုပြင်းအားကိုမူတည်၍ အညွှန်းကိန်းများသတ်မှတ် ကြပြီး အညွှန်းကိန်းသည် တိမ်ဖြစ်ထွန်းမှု၊ သက်ဆိုင်ရာဒေသ၏ အပူချိန်နှင့်မိုးလေဝသအခြေအနေပေါ်တွင် အဓိကမူတည်ပါသည်။ နေရောင်ခြည်တည့်မတ်ရရှိမှုအနေအထား၊ တည်နေရာအနေအထား၊ တိမ်ဖြစ်ထွန်းမှုပမာဏ၊ ကုန်းမြေ အနိမ့်အမြင့်၊ အိုဇုန်း ပါဝင်မှုနှင့် မြေမျက်နှာသွင်ပြင်တို့အပေါ်တွင် အမှီပြုကြောင်း သိရှိရပါသည်။ ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းအဆင့် (၂) ထက်နည်းပါက ပြင်ပနေရောင်ခြည်တွင် အန္တရာယ်ကင်းစွာ သွားလာနိုင်ပြီး အညွှန်းကိန်းအဆင့်(၃)မှ (၇) အဆင့်တွင် နေ့လယ်ပိုင်းအချိန် ပြင်ပသို့သွားလာပါက နေရောင်ခြည်တိုက်ရိုက် ထိတွေ့မှုကို ကာကွယ်မှုပြုလုပ်ရန် လိုအပ်ပြီး အညွှန်းကိန်းအဆင့်(၈)နှင့်အထက်တွင် အထူးကာကွယ်ရန် လိုအပ်ပါမည်။ မတ် ၂၀ ရက်မှစ၍ မြောက်ကမ္ဘာခြမ်းသည် နွေရာသီစတင်ခဲ့ပြီဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း ရာသီသဘာဝအရ တိမ်ဖြစ်ထွန်းမှုနည်းပါက ပူပြင်းမည့်မိုးလေဝသအခြေအနေကို ဧပြီလနှင့်မေလလယ်ခန့်အထိ ခံစားရမည်ဖြစ်ပါသည်။ ထူးခြားမည့် အပူချိန်မြင့်မားမှုများအတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှစောင့်ကြည့်၊ ထုတ်ပြန်ပေးသွားမည်ဖြစ်ပြီး ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေးနှင့် အပူဒဏ်ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အကြံပြု နှိုးဆော်ချက်များအား လိုက်နာဆောင်ရွက်သင့်ပါသည်ဟုအကြံပြုလိုပါသည်။

လက်ရှိမိုးလေဝသအခြေအနေနှင့် ဧပြီလအတွက် သုံးသပ်ချက်

လက်ရှိအခြေအနေတွင် ပစိဖိတ်သမုဒ္ဒရာ၌ အယ်နီညိုရာသီဥတုဖြစ်စဉ်ဖြစ်ပေါ်နိုင်မှုအခြေအနေများ ပိုမိုမြင့်တက်လာနေပါသည်။ ရာသီဥတုသိပ္ပံပညာရှင်များအနေဖြင့် ပစိဖိတ်သမုဒ္ဒရာ၏ဖြစ်ပေါ်ပြောင်းလဲမှုများကို အလေးထားစောင့်ကြည့်နေသည်ကို တွေ့ရပါသည်။ ဧပြီလအတွင်း ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ဧပြီလ၏ပုံမှန်အပူချိန်အထက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ မိုးရွာသွန်းမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ၁၂ ရက်မှ ၁၅ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉ ရက်မှ ၁၁ ရက်ခန့်နှင့် ကျန်ဒေသများတွင် ၄ ရက်မှ ၆ ရက်ခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။ သို့ဖြစ်ပါ၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ထူးခြားသည့် မိုးလေဝသအခြေအနေများကို နေ့/ညမပြတ်စောင့်ကြည့်၊ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူအပေါင်း အတာရေနှင့်အတူ နှစ်သစ်အခါသမယတွင် ရွှင်လန်းချမ်းမြေ့ကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ။

> မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နှစ်စဉ် မတ် ၁ ရက်မှစ၍ အနောက်တောင်မုတ်သုံလေ တစ်ပြည်လုံးသို့ဝင်ရောက်သည့်နေ့အထိ နေ့စဉ်အမြင့်ဆုံးအပူချိန်သတင်းများ၊ ခန့်မှန်းချက်များ ထုတ်ပြန်ပေးလျက်ရှိပြီး နေ့အပူချိန်လွန်ကဲနိုင်မည့် အခြေအနေများတွင် နောက် ၅ ရက်အတွက် အပူချိန်ခန့်မှန်းချက်များထုတ်ပြန်ပေးခြင်း၊ အပူချိန်စံချိန်တင်သည့် သတင်းများနှင့် ၁၀ ရက်ပတ်ခန့်မှန်းချက်များ ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။

ပြည်တွင်းရေးရာ

အာဆီယံလူမှုရေး – ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီအဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂

(၁၆)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ အာဆီယံ ၁၀ နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံဒုတိယ အတွင်းရေးမှူးချုပ်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် လေ့လာသူများအဖြစ် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် ဦးရဲထွန်းတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးကို အာဆီယံသီချင်းဖွင့်လှစ်ဂုဏ်ပြုပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီတွင် Focal အဖြစ် တာဝန်ယူထားသည့်အလျောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အထူးအစည်းအဝေးပွဲကို မတ် ၃ ရက်တွင် ကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံက တာဝန်ယူကျင်းပရမည့် လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ အစည်းအဝေးများ၊ ၂၀၁၅ ခုနှစ်အလွန်ကာလအတွက် အကြံပြုချက်များ၊ နှစ်ဝက်သုံးသပ်ချက်များ၊ ကြုံတွေ့ရမည့် အခက်အခဲများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါကြောင်း။

အစည်းအဝေးတွင် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ယာယီဖြန့်ဝေချက်များသည် အာဆီယံထိပ်သီးအစည်းအဝေး၌ ဆွေးနွေးရမည့် အဓိကအချက်များပင်ဖြစ်ပါကြောင်း၊ အာဆီယံဒေသအတွင်း ၂၀၁၅ ခုနှစ်တွင် လူထုအခြေပြု အာဆီယံအသိုက်အဝန်းတစ်ခုတည်ဆောက်နိုင်ရေးအတွက် အာဆီယံမဏ္ဍိုင်ကြီးသုံးခုအောက်တွင် အမျိုးမျိုးသော အပြန်အလှန် ဆက်နွှယ်နေသည့်ကိစ္စရပ်များရှိနေပါကြောင်း၊ ယင်းကိစ္စရပ်များတွင် မိမိတို့အနေဖြင့် လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အခြေပြုမြေပုံတွင် ပါဝင်သည့် ဆောင်ရွက်ရမည့် အချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ ပြည်သူများအတွက် အရေးပါသောကဏ္ဍများကို ဦးစားပေးရမည်ဖြစ်ပါကြောင်း။

ထို့နောက် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဉ်ကာလအတွင်း မိမိတို့ယဉ်ကျေးမှုဝန်ကြီးဌာနက Focal အဖြစ် တာဝန်ယူထားသည့် မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီသည် အခြားသော အာဆီယံမဏ္ဍိုင်နှစ်ခုနှင့် လက်တွဲညီစွာပူးပေါင်းကာ ငြိမ်းချမ်းသာယာဝပြောသော အာဆီယံ အသိုက်အဝန်းဆီသို့ ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကျင်းပသော (၁၆)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ အစည်းအဝေးတွင် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက မတ် ၃ ရက်တွင် ရန်ကုန်မြို့ Chatrium ဟိုတယ်၌ကျင်းပခဲ့သော အထူးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင် သတ်မှတ်ခဲ့ကြသော ဦးစားပေးနယ်ပယ်များအပေါ် ဆွေးနွေးပေးသွားကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း (ASCC) အခြေပြုမြေပုံ၏ အကောင်အထည်ဖော်မှု အခြေအနေများ၊ ASCC ၏ ကြေညာချက်စာတမ်းများအတွက် ဆက်လက်ဆောင်ရွက်ရမည့်အချက်များ၊ ASCC ပင်မအဖွဲ့ အခြေပြုမြေပုံ၏ အကောင်အထည်ဖော်ခြင်းနှင့် ၂၀၁၅ ခုနှစ်အလွန်ကာလ ရည်မှန်းချက်ဆက်စပ်ခြင်းတို့အတွက် လုပ်ငန်းလမ်းညွှန်များ၊ အာဆီယံ အသိုက်အဝန်း၏ ၂၀၁၅ ခုနှစ်အလွန် ရည်မှန်းချက်များအတွက် အာဆီယံညှိနှိုင်းမှုကောင်စီ၏ ပထမအကြိမ် အလုပ်သဘော အစည်းအဝေး၊ တီမောလက်စ်တေနိုင်ငံ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်လာမှုနှင့် အာဆီယံလူမှုရေး- ယဉ်ကျေးမှုအသိုက်အဝန်းတွင် ပါဝင်လာမှုများအတွက် လေ့လာမှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးနှင့်ပတ်သက်၍ ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်း**(ဝဲပုံ)**အား မေးမြန်းရာ ၎င်းက "အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ပြီးခဲ့တဲ့ မတ် ၃ ရက်တုန်းကလည်း ရန်ကုန်မှာ ကျင်းပခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် တစ်နှစ်လုံး ကျင်းပမယ့် SOCA Meeting တွေနဲ့ ပတ်သက်လို့ အဆင့်မြင့်အရာရှိကြီးတွေနဲ့ ဝန်ကြီးအဆင့် အစည်းအဝေးတွေမှာ ၂၀၁၅ အာဆီယံအသိုက်အဝန်းကို ASCC Pillar အနေနဲ့ ဘယ်လိုစီစဉ် ဆောင်ရွက်ထားတယ်ဆိုတာ ဆွေးနွေးမှာပါ။ အဓိက ဘာပါလာမလဲဆိုတော့ Mid-Term Review လို့ခေါ်တဲ့ ပြီးခဲ့တဲ့ ASCC နှစ်ဝက်အကဲဖြတ်အစီရင်ခံစာမှာ မပြီးသေးတဲ့လုပ်ငန်းတွေရှိတယ်။ အဲဒီအတွက်ကို Core Group ဖွဲ့ပြီးတော့ ဆက်လုပ်ဖို့ လုပ်ငန်းပါမယ်။ နောက်တစ်ခါ ASCC Pillar အောက်မှာ Characteristic ခြောက်ခုရှိပါတယ်။

အဲဒီ ဝိသေသလက္ခဏာခြောက်ခုကို ဘာလွှမ်းခြုံထားသလဲဆိုတော့ အာဆီယံထဲမှာရှိတဲ့ နိုင်ငံတွေရဲ့ ဖွံ့ဖြိုးမှု ကွာဟချက်နည်းပါးဖို့ရယ်၊ နောက်တစ်ခုက အာဆီယံထဲမှာ ရှိတဲ့ နိုင်ငံတွေဟာ အာဆီယံအသိုက်အဝန်းကို သွားတဲ့အခါ အာဆီယံရဲ့ Identity ကို စောင့်ရှောက်ပြီးတော့ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲဆိုတာတွေ အပေါ်မှာ ဆွေးနွေးကြဖို့ရှိပါတယ်။ လူမှုဖွံ့ဖြိုးဖို့၊ အဓိကကတော့ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးကို ဘယ်လိုသွားကြမလဲ ဆိုတာတွေကို အဓိကထားပြီး ဆွေးနွေးပါမယ်။ အဲဒီအပေါ်မှာ Migrant Worker လို့ခေါ်တဲ့ ရွှေ့ပြောင်း အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ Issue လေးတွေရှိပါတယ်။ အလုပ်သမားတွေ ပို့တဲ့နေရာမှာ ကျွန်မတို့လိုပဲ အာဆီယံထဲမှာ Sending Country ဆိုတဲ့ အလုပ်သမားပို့တဲ့နိုင်ငံတွေ ရှိတယ်။ တစ်ခါ Receiving Country ဆိုတဲ့ အလုပ်သမားလက်ခံတဲ့ နိုင်ငံတွေရှိတယ်။ Sending Country တွေနဲ့ Receiving Country တွေကြားမှာ ဆောင်ရွက်ရမယ့်အချက်အလက်တွေ၊ အပြန်အလှန် အပေးအယူညှိနှိုင်းတဲ့ကိစ္စရပ်တွေဟာ အခုအချိန်မှာ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကလည်း ဆက်ပြီးတော့ဆွေးနွေးတုန်းပဲ ရှိပါသေးတယ်။ ဒီဟာကလည်း Instrument အနေနဲ့ တွန်းအားပေးပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ ၂၀၁၄ ခုနှစ် အာဆီယံအနေနဲ့ ရာသီဥတုပြောင်းလဲမှု (Climate Change) နဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ထုတ်ပြန်ကြေညာရမယ့် အချက်ကလေးတွေကို ဆွေးနွေးသွားဖို့ရှိပါတယ်။

နောက်တစ်ခုကတော့ ALVRC လို့ခေါ်တာပေါ့။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ အဓိကဆိုင်ပါတယ်။ ပြန်ကြားရေးက အဆင့်မြင့်အရာရှိကြီးတွေ အစည်းအဝေးမှာ ဆုံးဖြတ်ခဲ့တဲ့ ASEAN Virtual Learning Center လို့ခေါ်တဲ့ အာဆီယံရဲ့ Web တစ်ခုထောင်ထားမယ်။ အဲဒီအပေါ်မှာ အာဆီယံရဲ့ ယဉ်ကျေးမှု၊ လူမှုရေး စသည်ဖြင့် အာဆီယံနိုင်ငံတွေရဲ့အကြောင်းအရာတွေကို Learning Center တစ်ခုအနေနဲ့ Information အချက်အလက်တွေကိုတင်တဲ့ Project တစ်ခုလုပ်တဲ့အခါ ၂၀၁၄ ခုနှစ်အတွင်း Launch လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။

နောက်တစ်ခုကတော့ Haze နဲ့ပတ်သက်လို့လည်း စင်ကာပူက သူတို့ဆီမှာ အဆင့်မြင့်အရာရှိကြီးတွေ ဆွေးနွေးထားတဲ့အချက်ကို ပြန်ပြီးဆွေးနွေးဖို့ရှိသလို အဓိကကတော့ ကျွန်မတို့ဆွေးနွေးမှာက ၂၀၁၅ အလွန် အာဆီယံရဲ့ Vision ပေါ့၊ အာဆီယံအနေနဲ့ နောင် ၁၀ နှစ်၊ ၁၅ နှစ်ကို ဘာမျှော်မှန်းမလဲ၊ ဘယ်ကိုသွားမလဲ ဆိုတာကို ဆောင်ရွက်ပြီးစီးခဲ့တဲ့အပေါ်မှာ မူတည်ပြီးတော့ အာဆီယံရဲ့ Vision ကို 3 Pillar ဖြစ်တဲ့ APSC, AEC, ASCC Pillar သုံးခုကနေပြီးတော့ အခုပြီးခဲ့တဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးဆောင်လုပ်သွားတဲ့ ACCWG, JPM စတဲ့ အစည်းအဝေးတွေမှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ဒီမှာလည်း ကျွန်မတို့က ဒါကိုထပ်ပြီးတော့ ကျွန်မတို့ ASCC က ဆက်စပ်ပြီး အသေးစိတ်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

အလားတူ အစည်းအဝေးနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွန်းက ပြောကြားရာတွင် "အဓိကအားဖြင့် ASCC အောက်မှာ ပြန်ကြားရေးကဏ္ဍရှိပါတယ်။ ပြန်ကြားရေးကဏ္ဍအတွက် ကျွန်တော်တို့က တာဝန်ယူဆောင်ရွက်နေတာဖြစ်တယ်။ ဝန်ကြီးဌာနရဲ့ အောက်မှာ အဓိကတာဝန်ယူဆောင်ရွက်နေတာက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဖြစ်ပါတယ်။ လာမယ့်ဇွန်လထဲမှာ အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးလုပ်ဖို့ရှိပါတယ်။ ပြီးရင် အာဆီယံရဲ့ပြန်ကြားရေးကဏ္ဍမှာ ဆက်လုပ်ရမယ့်လုပ်ငန်းစဉ်တွေ ဆွေးနွေးဖို့ရှိပါတယ်။ ဒုတိယပိုင်းကတော့ ASCC ရဲ့အောက်မှာ အာဆီယံပြည်သူချင်းဆက်ဆံရေး၊ နောက်တစ်ခါ တစ်ခုတည်းသော အသိုက်အဝန်းအဖြစ် တည်ဆောက်တဲ့အခါ ပြည်သူတွေအနေနဲ့ အာဆီယံအကြောင်း ပိုသိဖို့ကိစ္စ၊ ဒါကိုလည်း ကျွန်တော်တို့လုပ်နေတာတွေရှိတယ်။ ဒီကနေ့ကတော့ ကျွန်တော်က ဒီအစည်းအဝေးမှာ ဖွင့်ပွဲတင်မဟုတ်ဘဲ ASCC အစည်းအဝေးနှစ်ခုစလုံးမှာ လေ့လာသူအနေနဲ့ တက်ရောက်မှာပါ။

တကယ်တမ်းပြောရရင် ASCC ရဲ့လုပ်ငန်းတွေဟာ ပြည်သူတွေရဲ့နေ့စဉ်လူမှုဘဝကို ပိုပြီးတော့အကျိုးသက်ရောက်မှုရှိတယ်။ သို့သော်လည်း အာဆီယံရဲ့မဏ္ဍိုင်ကြီး(၃)ခုထဲက ASCC နဲ့ပတ်သက်ရင် လူတွေက သိတာပိုနည်းနေတယ်။ ကျွန်တော်တို့ပြန်ကြားရေးဘက်ကလည်း ပြည်သူတွေကို အသိပညာပေးနိုင်မှုမှာ အားနည်းချက်တွေရှိနေသေးတယ်။ သမားရိုးကျဆန်နေတာပေါ့။ ဒါကြောင့် ဒီကနေ့အစည်းအဝေးမှာ ကိုယ်တိုင်နားထောင်မယ်။ ပြီးရင် ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီ ၂၀၁၄ အသိုက်အဝန်းဖြစ်လာတဲ့ ၂၀၁၅ အလွန်ကာလတွေမှာ အာဆီယံပြည်သူချင်း ဆက်ဆံရေးနဲ့ပတ်သက်လို့ ပိုပြီးထိထိရောက်ရောက် လုပ်နိုင်ဖို့ ကျွန်တော်တို့ပြင်ဆင် ဆောင်ရွက်သွားမှာဖြစ်တယ်။

ASEAN ဥက္ကဋ္ဌ တာဝန်ယူတဲ့အတွက် ရရှိတဲ့အကျိုးရလဒ်ကိုပြောရရင် ပထမတစ်ခုက နိုင်ငံရေး ဂုဏ်သိက္ခာပေါ့။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ကို ၁၉၉၇ ခုနှစ်ကတည်းက စတင်ခဲ့တယ်။ သို့သော် အကြောင်းကြောင်းကြောင့် အာဆီယံဥက္ကဋ္ဌရာထူးကို ၂၀၀၆ ခုနှစ်မှာတုန်းက လက်ခံခြင်းမပြုဘဲ ရွှေ့ဆိုင်းပေးခဲ့ရပါတယ်။ အခုကျွန်တော်တို့က ဒါကိုပြန်ပြီး တာဝန်ယူတယ်။ ဒီလို ကျွန်တော်တို့တာဝန်ယူမှုကို အရင်တုန်းကလို ကန့်ကွက်မှုမရှိဘဲနဲ့ အဖွဲ့ဝင်နိုင်ငံတွေကသာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ လိုလိုလားလားထောက်ခံတဲ့အတွက် နိုင်ငံရေးဂုဏ်သရေမြင့်တက်လာတာပေါ့။

ဒုတိယက အာဆီယံအစည်းအဝေးတွေကျင်းပခြင်းဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးဟာ နိုင်ငံတကာနဲ့ ဆက်သွယ်မှု ပိုမိုများပြားလာမယ်။ ပိုပြီးအသိပညာတွေ ပြည့်ဝလာမယ်။ ဒီလိုအစည်းအဝေးတွေကျင်းပခြင်းဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းတွေမှာ အခွင့်အလမ်းတွေပိုရလာမယ်။ မြန်မာနိုင်ငံအကြောင်းကို ပိုပြီးသိလာကြမယ်။ ဥပမာ လာမယ့် အောက်တိုဘာ၊ နိုဝင်ဘာလလောက်မှာ ကျင်းပမယ့်အာဆီယံထိပ်သီး အစည်းအဝေးမှာ အမေရိကန်သမ္မတအပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံလောက်က ခေါင်းဆောင်တွေလာတက်မယ်။ ဒီလိုတက်ခြင်းအားဖြင့် သူတို့နဲ့ပါတဲ့ကိုယ်စားလှယ်အဖွဲ့တွေကြားမှာ မြန်မာနိုင်ငံရဲ့ယဉ်ကျေးမှုတွေ၊ ပြည်သူတွေရဲ့ ယဉ်ကျေးဖော်ရွေမှုတွေကို ပြသခွင့်ရမှာဖြစ်တယ်"ဟု ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



မြို့နယ်အတွက် အမှန်တကယ်လိုအပ်သည့် အဆောက်အအုံတစ်ခုဖြစ် မြို့ကျက်သရေဆောင် အဆောက်အအုံတစ်ခုဖြစ်ရန် ဆောင်ရွက်ကြရမည်

နေပြည်တော် မေ ၂

ရမည်းသင်းမြို့ သီလဝခန်းမ အသစ်တည်ဆောက်မည့် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်ပြီး တာဝန်ရှိသူများနှင့်အတူ ပန္နက်တင်ပေးသည်။

ထို့နောက် ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသောင်းလွင်က သီလဝခန်းမ တည်ဆောက်ရေးအတွက် စီမံချက်ရေးဆွဲ၍ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ ပါဝင်သည့် တည်ဆောက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို စနစ်တကျ ဖွဲ့စည်းခဲ့ပါကြောင်း၊ မူလခန်းမ(အဟောင်း) ဖျက်သိမ်းရောင်းချရေးနှင့် ခန်းမ(အသစ်) တည်ဆောက်ရေး တင်ဒါများကို နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ခေါ်ယူခဲ့ပါကြောင်း၊ သီလဝခန်းမအဟောင်း ဖျက်သိမ်းရောင်းချရာတွင် ဈေးအများဆုံးပေးသည့် ကုမ္ပဏီအား တင်ဒါချထားပေးခဲ့ပါကြောင်း၊ ခန်းမအသစ် တည်ဆောက်ရေးလုပ်ငန်းအတွက် ကုမ္ပဏီငါးခုမှ တင်ဒါတင်သွင်းခဲ့ပါကြောင်း၊ တင်ဒါတွက်ချက်စစ်ဆေးမှုများကို အဆင့်ဆင့်တင်ပြစိစစ်ခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့မှ အတည်ပြုချက်ရယူ၍ တင်ဒါချထားပေးကာ ပွင့်လင်းမြင်သာစွာဖြင့် စာချုပ်ချုပ်ဆို ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြို့နယ်အတွက် အမှန်တကယ်လိုအပ်သည့် အဆောက်အအုံတစ်ခု ဖြစ်သည့်အတွက် မြို့ကျက်သရေဆောင် အဆောက်အအုံတစ်ခုဖြစ်ရန် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ကုန်ကျစရိတ်ကိုလည်း အများသိရှိအောင် အသိပေးထုတ်ပြန်သွားရန် လိုအပ်သကဲ့သို့ လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များကလည်း စနစ်တကျ စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အများအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် တာဝန်ရှိသူများက အလေးထားကြပ်မတ် ဆောင်ရွက်သွားရမည့်အပြင် လာရောက်လှူဒါန်းကြသူများအား အချိန်မရွေး ရှင်းလင်းနိုင်ရမည်ဖြစ်ကြောင်း၊ ပြည်သူများအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် သီလဝခန်းမ အဆောက်အအုံအသစ် တည်ဆောက်ရေးအတွက် အလှူငွေများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ရမည်းသင်းမြို့ သီလဝခန်းမကို လူ ၈၀၀ ဆံ့ R.C Steel Structure တစ်ထပ် အဆောက်အအုံအဖြစ် ငွေကျပ် ၂၂၈၁ သိန်း အကုန်အကျခံ တည်ဆောက်သွားမည် ဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်း ကုန်ကျငွေများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေကျပ်သိန်း ၁၀၀၀၊ ရမည်းသင်းခရိုင် ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ်သိန်း ၃၀၀(အပေါ်ပုံ)၊ မြို့နယ်စည်ပင်သာယာရေးရန်ပုံငွေမှ ငွေကျပ် ၄၈၁ သိန်း၊ ခန်းမအဟောင်းနှင့် ဈေးဆိုင်ခန်းများ ရောင်းချရ ငွေကျပ် ၅၀၀ ဖြင့် ၁၀ လအတွင်း အပြီးတည်ဆောက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဦးနှင့် ဦးဇော်ဝင်း၊ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့နှင့် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအချို့တွင်သာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိ

နေပြည်တော် မေ ၂

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း မြေပြင်ကွင်းဆင်းကောက်ယူခြင်းလုပ်ငန်းကို မတ် ၃၀ ရက်မှစတင်ပြီး ကောက်ယူခဲ့ရာ မေ ၁ ရက် တတိယနေ့အဖြစ် သန်းခေါင်စာရင်းကောက်ယူရာတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအချို့၌ ကေအိုင်အေတပ်ဖွဲ့ဝင်များ၏ ခြိမ်းခြောက်တားမြစ်မှုကြောင့် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိကြောင်း သိရှိရသည်။

သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်း မရှိသည့်နေရာများမှာ ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ်ခွဲ၊ ကောင်နန်ရပ်ကွက်နှင့် ဆိုင်းဂျာရပ်ကွက်၊ ဗန်းမော်ခရိုင် မန်စီမြို့နယ် မိုင်ခေါင်ကျေးရွာအုပ်စုနှင့် ကောင်လွင်ကျေးရွာအုပ်စု၊ မန်စီမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၂၀)၊ မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်ရှိ ကဆုန့်ရွာနှင့် ဇွပ်မိုင်ရွာ၊ ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် ဟင်ခုတ်ကျေးရွာအုပ်စု၊ နားခါးလုံကျေးရွာအုပ်စု၊ လွယ်ယားကျေးရွာအုပ်စု၊ မန်တုံမြို့နယ် ပန်ကုံးကျေးရွာအုပ်စုတို့ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှု

ပဲခူး မေ ၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မေ ၁ ရက် နံနက်ပိုင်းက ပဲခူးမြို့လိပ်ပြာကန်ရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ ဟသ်ာကုန်းရပ်ကွက်များ၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုကို ကြည့်ရှုအားပေးခဲ့သည်။**(အပေါ်ပုံ)**

ပဲခူးမြို့နယ်တွင် ကောက်ကွက်ပေါင်း(၆၇၇)ကွက်၊ အဖွဲ့အစည်းပေါင်း(၃၇)ဖွဲ့၊ စာရင်းစစ်/စာရင်းကောက် ၉၆၄ ဦးရှိပြီး ပဲခူးတိုင်းဒေသကြီးအနေဖြင့် ကောက်ကွက်ပေါင်း (၇၉၄၃)ကွက်၊ စာရင်းစစ်/စာရင်းကောက် ၁၁၃၄၁ ဦးနှင့် ကောက်ယူလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ကြည့်ရှုအားပေး

အောင်လံ မေ ၂

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီက အောင်လံမြို့သို့ ရောက်ရှိပြီး တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်၊ မြို့နယ် လဝက ဦးစီးမှူး ဦးစောလှမောင်တို့နှင့်အတူ အောင်လံမြို့ပေါ်ရှိ နေအိမ်များတွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအခြေအနေများကို အိမ်တိုင်ရာရောက် ကြည့်ရှုအားပေးခဲ့သည်။

အောင်လံမြို့နယ်အတွင်း မြို့ပေါ်ကောက်ကွက် (၇၁) ကွက်၊ ကျေးရွာကောက်ကွက် (၃၅၆) ကွက် စုစုပေါင်းကောက်ကွက် (၄၂၇)ကွက်နှင့် အဖွဲ့အစည်း လေးခု၊ သစ်တောကြိုးဝိုင်း လေးခု၊ စာရင်းကောက်ဦးရေ ၄၅၈ ဦး၊ စာရင်းစစ်ဦးရေ ၁၃၇ ဦး စုစုပေါင်း ၅၉၅ ဦးဖြင့် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများကို မတ် ၃၀ ရက် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ကောက်ကွက်အလိုက် ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ရက်အပြီး စာရင်းများ ကောက်ယူနိုင်ရေးအတွက် စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မင်းလှမြို့၌ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းဆောင်ရွက်

မင်းလှ မေ ၂

သရက်ခရိုင် မင်းလှမြို့အတွင်းရှိ ရပ်ကွက်/ကျေးရွာများတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း စတုတ္ထနေ့အဖြစ် ဆောင်ရွက်ခြင်းလုပ်ငန်းကို ယနေ့နံနက် ၇ နာရီမှ စတင်၍ စာရင်းစစ်၊ စာရင်းကောက် ဆရာ ဆရာမများက ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးအဖွဲ့ လုပ်ငန်းဆောင်ရွက်

စစ်တွေ မေ ၂

ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေး အဖွဲ့သည် မတ် ၃၀ ရက်မှစ၍ မတ် ၂၆ ရက်နှင့် ၂၇ ရက်များတွင် ဖြစ်ပွားခဲ့သော အခြေအနေများအား စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်ထိ ဆောင်ရွက်ချက်မှာ ကျန်းမာရေးနှင့်ပတ်သက်၍ MoU ထိုးထားသည့် ကိစ္စရပ်များအားလုံး ဒုက္ခသည်စခန်းများသို့ ရိက္ခာပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး MSF မှ (HIV/AIDS) ဆေးများ သုံးလစာပေးထားပြီး ကျန်ရှိဆေးများအား ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ ဖြန့်ဝေမှုနှင့်ပတ်သက်၍ မေ ၁၆ ရက်အထိ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူ ၁၂ ဦးအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

အင်ဂျင်အပူရှိန်လွန်ကဲရာမှ ခရီးသည်တင်ယာဉ်တစ်စီး မီးလောင်မှုဖြစ်

ရန်ကုန် မေ ၂

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် မေ ၂ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်က ခရီးသည်တင်ယာဉ်တစ်စီး အင်ဂျင်အပူရှိန်လွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်နှင့် ကျုံးကြီးလမ်းသို့ ပြေးဆွဲနေသည့် ယာဉ်မောင်း ဦးမြင့်ကို မောင်းနှင်လာသည့် ၂၉/. . . မေတ္တာလိုင်း(၂) ခရီးသည်တင်ယာဉ်သည် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ် (၂၉)ရပ်ကွက်ထိပ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဒဂုံမြောက်ပိုင်းရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါယာဉ်တွင် မီးသတ်ဆေးဘူး ပါရှိသော်လည်း ယာဉ်နှင့်လိုက်လျောညီထွေမှု မရှိကြောင်း သိရသည်။ **(၁၉၃)**

⚙ ကျောဖုံးမှ

နည်းဥပဒေအား ပြည့်စုံစွာရေးဆွဲပြီး ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ သဘောထားရယူကာ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြရန် ပြင်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၏ ဈေးကွက်ခိုင်မာရေးနှင့် ထိုက်တန်သောဈေးနှုန်းဖြင့် ယှဉ်ပြိုင်ရောင်းချနိုင်သည့် လက်ကားဈေး (Whole Sale Market) များ ထူထောင်ရန် လိုအပ်နေမှု၊ လက်ကားဈေးများကို ဒေသအလိုက် ထူထောင်နိုင်မည့် အလားအလာများနှင့် လယ်ယာကုန်ထုတ်သမဝါယမအသင်းများက ပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက ဆွေးနွေးမှာကြားရာတွင် ပြည်သူအများစုမှာ တောင်သူလယ်သမားများဖြစ်ပြီး ၎င်းတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရန်မှာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအပေါ် မူတည်နေပါကြောင်း၊ ထိုသို့ဖွံ့ဖြိုးလာရန်အတွက် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို တောင်သူလယ်သမားများက သိရှိနားလည်ရုံသာမက ယုံယုံကြည်ကြည်ဖြင့် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် အခြေအနေကောင်းများဖန်တီးပေးရန်လိုအပ်ပါကြောင်း၊

တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ဆောင်ရွက်ရာတွင် တောင်သူလယ်သမားများ၏ အခြေခံအခွင့်အရေးများ ဖြစ်သည့် မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သော စပါးစိုက်ပျိုးရေးကို မထိခိုက်စေဘဲ တောင်သူများ စိတ်ကြိုက်တွက်ခြေကိုက်သည့် သီးနှံများကို လွတ်လပ်စွာ ရွေးချယ် စိုက်ပျိုးနိုင်ခွင့်ရရှိရေး၊ စိုက်ပျိုးရန်အတွက် သင့်တင့်သည့် ချေးငွေများရရှိရေး၊ စိုက်ပျိုးရေး၊ ထုတ်လုပ်ရေး၊ ဈေးကွက်တင်ပို့ရောင်းချရေးစသည့် လုပ်ငန်းစဉ်များကို လွတ်လပ်စွာဆောင်ရွက်ခွင့် ရရှိရေး၊ လယ်ယာထုတ်ကုန်အာမခံ ရရှိရေးနှင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့်အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ရရှိရေး စသည့် အခွင့်အရေးများကို ထိရောက်စွာကာကွယ်ပေးနိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ၎င်းတို့၏အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရန်အတွက် မူဝါဒများ၊ ငွေကြေး အကူအညီများ၊ ဥပဒေဖြင့် ကာကွယ်ပေးမှုများ စသည်တို့ကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေရေးဆွဲ အတည်ပြုပြီးပါက ဥပဒေကို အသက်ဝင်အောင် အားကြိုးမာန်တက်ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရင်းဖြင့် ရရှိလာသည့် အတွေ့အကြုံများအပေါ် မူတည်ပြီး ပြင်ဆင် သင့်သည်များကိုလည်း ပြင်ဆင်ရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဥပဒေ၊ နည်းဥပဒေများဖြင့် တောင်သူများ လက်တွေ့အကျိုးရှိအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

စိုက်ပျိုးရေး ထုတ်ကုန်များအား ဈေးကွက်တင်ပို့ ရောင်းချရာတွင် ထိုက်တန်သည့် ဈေးနှုန်းရရှိရေးအတွက် သီးနှံများတာရှည်ခံအောင် ထိန်းသိမ်းထားနိုင်သည့် သိုလှောင်ရုံ (Silo)များ၊ လက်ကားဈေးကွက်ကြီးများ ထူထောင်ပေးရန်လိုအပ်ပါကြောင်း၊ ထို့အတူ (Supply Chain) တစ်လျှောက် အလေအလွင့်မရှိ ထိထိရောက်ရောက်အကျိုးရှိရေးအတွက် တိကျမှန်ကန်သော မူဝါဒများ၊ ဥပဒေများချမှတ်ပြဋ္ဌာန်းရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ဈေးကွက်သုတေသနလုပ်ငန်းများဖွံ့ဖြိုးရေး၊ သတင်းအချက်အလက်များအား ထိရောက်စွာဖြန့်ဖြူးနိုင်ရေးစသည်တို့ကို ချိတ်ဆက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းမဆို နည်းမှန်လမ်းမှန်ဖြင့် ပုံပန်းတကျ ဆောင်ရွက်နိုင်သည့်နည်းစနစ်များ လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် သက်ဆိုင်ပတ်သက်သူအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည်တောင်သူပညာပေး စံပြစိုက်ကွင်းရှိ သဘော်စိုက်ခင်းတွင် သဘော်သီးများဖြင့် အစီအရီအောင်မြင်ဖြစ်ထွန်းနေမှု၊ နိုင်ငံခြားဈေးကွက်သို့တင်ပို့ရန် စိုက်ပျိုးထားသည့် နာနတ်စိုက်ခင်းများ၊ ဆယ့်နှစ်ရာသီစပ်မျိုးငရုတ်စိုက်ခင်း၊ ရွှေဖရုံ၊ ဘူး၊ စပ်မျိုးသခွားမွှေး၊ ဖရဲ၊ စပ်မျိုးခရမ်းသီးစိုက်ခင်းများ၊ ထိုင်းနှင့် ကိုရီးယားနိုင်ငံတို့သို့ တင်ပို့ရန် ရွေ့ပြေးစိုက်ပျိုးထားသော ကညွတ်စိုက်ခင်း၊ သိပ္ပံနည်းကျ စင်တင်စနစ်ဖြင့် စိုက်ပျိုးထားသော စပ်မျိုးကြက်ဟင်းခါးစိုက်ခင်း၊ ဂျပန်ဖရဲစိုက်ခင်း၊ ခေတ်မီရေဖျန်းစနစ်ဖြင့် ပျိုးထောင်ထားသော ကညွတ်ပျိုးခင်းနှင့် ရာသီသီးနှံစိုက်ခင်းများ၊ နယူးဇီလန်နိုင်ငံ ကုမ္ပဏီ၏ ပိုက်ကွန်စနစ် (Net House) ဖြင့် ဆောင်ရွက်ထားသည့် ဟင်းသီးဟင်းရွက် ပျိုးဥယျာဉ်များ၊ ကညွတ်စိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်အမယ်စုံ စိုက်ခင်းများကို လှည့်လည် ကြည့်ရှုအားပေးကြပြီး ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ဘေးကင်းလုံခြုံစိတ်ချရမည့် ပိုက်ကွန်စနစ်စိုက်ခင်းများကို ရွေ့ပြေးအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ဈေးကွက် လိုအပ်ချက်နှင့် ရာသီအလိုက် ဝင်ငွေတွက်ခြေကိုက်သော ဟင်းသီးဟင်းရွက်များကို ရွေးချယ်စိုက်ပျိုးကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

တရုတ်-မြန်မာ ယဉ်ကျေးမှုအနုပညာခံစားခြင်း ဖျော်ဖြေတင်ဆက်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

တရုတ်-မြန်မာ ယဉ်ကျေးမှု အနုပညာခံစားခြင်း ဖျော်ဖြေတင်ဆက်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၂

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. CUI Yuying ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ညနေ ၅ နာရီတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံအကြား ရုပ်မြင်သံကြား ထုတ်လွှင့်မှု၊ အင်တာနက်မီဒီယာ စသည့် မီဒီယာကဏ္ဍစုံတွင် ပိုမိုစနစ်ကျကောင်းမွန်သည့် စနစ်တစ်ခုထူထောင်သွားနိုင်ရေးဆိုင်ရာများ၊ မြန်မာနှင့်တရုတ် နှစ်နိုင်ငံအကြား မီဒီယာအခြေစိုက်ရုံးခန်းများ အပြန်အလှန်ဖွင့်လှစ်နိုင်ရေးဆိုင်ရာများနှင့် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စများတွင် ပိုမိုပူးပေါင်း ဆောင်ရွက်သွားနိုင်ရေး၊ ရုပ်ရှင်ရုံ၊ စတူဒီယိုနှင့် နည်းပညာပိုင်း ရင်းနှီးမြှုပ်နှံမှုများတွင် အကူအညီပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ် ဒုတိယဝန်ကြီးတို့သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယိုခန်းမ၌ ကျင်းပသည့် တရုတ်-မြန်မာယဉ်ကျေးမှု အနုပညာခံစားခြင်း ဖျော်ဖြေတင်ဆက်ပွဲ အခမ်းအနား (Experience China in Myanmar) သို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာတွင် ၂၀၁၂ ခုနှစ်အတွင်း MRTV နှင့် CRI တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် "ရွှေမင်းသားလေးရဲ့ သုခကမ္ဘာ" တရုတ်ရုပ်ရှင်ကားအား မြန်မာစကားပြောအသံသွင်းပြီး MRTV တွင် ပြသခဲ့ရာ မြန်မာပရိသတ်များ လက်ခံအားပေးမှု ရရှိခဲ့ပါကြောင်း၊ ၎င်းဇာတ်လမ်းတွဲနှင့် ပတ်သက်၍လည်း MRTV မှ အတွေ့အကြုံကောင်းများစွာ ရရှိခဲ့ပါကြောင်း၊ ယခုဒုတိယကား ဆက်လက်အသံသွင်းနိုင်ရေးအတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ၏ နန်းတွင်းရာဇဝင် ဇာတ်လမ်းတွဲများကိုလည်း မြန်မာပရိသတ်မှ အထူးနှစ်ခြိုက်အားပေးလျက် ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက အမှာစကားပြောကြားရာတွင် ယခုပြုလုပ်သည့် Experience China ပြပွဲတွင် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုကို သိရှိနားလည်စေရန် ဓာတ်ပုံပြပွဲများ၊ ရုပ်ရှင်ပြပွဲများ၊ ပြန်ကြားရေးဆိုင်ရာ အပြန်အလှန် ဆောင်ရွက်မှုများ၊ စာအုပ်လှူဒါန်းခြင်းများကိုပါ ဆောင်ရွက်မည်ဖြစ်သည်ဟု သိရှိထားပါကြောင်း၊ တရုတ်ပြည်၏ တန်ဖိုးကြီးမားလှသော ယဉ်ကျေးမှုအမွေအနှစ်များနှင့် ယင်းအမွေအနှစ်များ၏ တန်ဖိုးများကိုပါ မိမိတို့ကောင်းစွာ လေ့လာသိရှိကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးက တရုတ်ပြည်သူများသည် မြန်မာတို့နှင့် လက်တွဲပြီး နှစ်နိုင်ငံအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ဖန်တီးပေးရန် ကြိုးပမ်းနေပါကြောင်း၊ ယဉ်ကျေးမှုသည် နိုင်ငံအသီးသီးတို့မှ ပြည်သူများအကြား အပြန်အလှန် သိရှိနားလည်မှုနှင့် ချစ်ကြည်မှုကို တိုးပွားစေရန် ပေါင်းကူးတံတားဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တရုတ်အနုပညာရှင်အဖွဲ့များက တူညီသော မြစ်ဘေးတစ်လျှောက်နေထိုင်ခြင်း၊ ဥဒေါင်း ဝိဉာဉ်/လိပ်ပြာ၊ ဆန်းပြားသောအချစ်၊ ပင်လယ်ကာရန်၊ ငွေခေါင်းလောင်းများနှင့် အကဖိနပ်၊ စီးဆင်းနေသော စမ်းချောင်းလေး၊ ဂုဏ်ပြုသီချင်း စသည့် တေးသီချင်းများ၊ အကအလှများ၊ ကျွမ်းဘားအဖွဲ့နှင့် ကွန်ဖူးအဖွဲ့တို့က အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး မြန်မာအနုပညာရှင်များက ရုပ်သေးနှင့် တေးသံရှင်ဇော်ပိုင်က တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီး အကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးစည်းဝေး

နေပြည်တော် မေ ၂

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၄) ဒုတိယနေ့ကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်(၆၅)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ တင်သွင်းထားသည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းဥပဒေကြမ်းကို အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ ဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ပုံမှန်အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၂

(၁၈)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သည့် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ၏ ဘဏ္ဍာရေးဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ ပုံမှန်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ဘဏ္ဍာရေး ဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာဆီယံမက်ခရိုစီးပွားရေးသုတေသန အဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းနှင့် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖူရူဆာဝါတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံ မက်ခရိုစီးပွားရေးသုတေသနအဖွဲ့ကိစ္စရပ်၊ နိုင်ငံအများပါဝင်ရေးဆိုင်ရာ ဇင်းမယ် သဘောတူညီရေးကိစ္စရပ်၊ အာဆီယံငွေချေးစာချုပ်များကိစ္စရပ်နှင့် ဈေးကွက်ကိစ္စရပ်များအပါအဝင် အကြောင်းအရာ ၁၆ ခုကို ဆွေးနွေးခဲ့ကြသည်။

အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား အစည်းအဝေးကျင်းပခြင်းဖြင့် ဒေသဆိုင်ရာဘဏ္ဍာရေးနှင့် ငွေရေးကြေးရေး တည်ငြိမ်မှုတို့ကို အထောက်အကူ ပြုမည်ဖြစ်ပြီး အရှေ့အာရှရပ်ဝန်းကြီး၏ ဘဏ္ဍာရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့ကို အားကောင်းစေမည်ဖြစ်ကြောင်းနှင့် အဆိုပါအစည်းအဝေးကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ မေ ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

■

ပြည်သူ့ရင်ပြင်အတွင်း၌ ရိုက်နှက်ကာ ဆွဲကြိုးလုယူသွားသူကို ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် မေ ၂

မတ် ၃၀ ရက် ည ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ်နေ ဦးသန်းဦးသည် ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပြည်သူ့ရင်ပြင်ဝင်းအတွင်းရှိ ငါးမွေးမြူရေးကန်အနီး ၎င်းဖွင့်ထားသော ငါးစာဆိုင်ရှေ့၌ ရှိနေစဉ် အမျိုးသားတစ်ဦးရောက်ရှိလာပြီး ၎င်းအားတုတ်ဖြင့် ခုနစ်ချက်ခန့်ရိုက်နှက်ခဲ့၍ လဲကျသွားခဲ့ကြောင်း၊ ယင်းသို့ လဲကျစဉ် ၎င်း၏ လည်ပင်းတွင် ဆွဲထားသော အလေးချိန် တစ်ကျပ်ခွဲသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံး (ကာလတန်ဖိုးငွေကျပ် ၁၀ သိန်းခန့်)ကို အဆိုပါ အမျိုးသားက ဖြုတ်ယူထွက်ပြေးသွားခဲ့ကြောင်း၊ ထိုကဲ့သို့ တုတ်ဖြင့်ရိုက်နှက်ခံခဲ့ရသဖြင့် ၎င်း၌ ဦးခေါင်းဝဲဘက်ချိုစောင်းနှင့် နဖူးထိပ်တို့တွင် ပေါက်ပြဲသွေးထွက်နာကျင်ဒဏ်ရာများရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူခဲ့ရကြောင်းနှင့် ပြစ်မှုကျူးလွန်သူအား စုံစမ်းအရေးယူပေးရန် တိုင်တန်းခဲ့သည်။

ထိုသို့တိုင်တန်းချက်အရ ဒဂုံမြို့မရဲစခန်းက (ပ) ၆၄/၂၀၁၄၊ ပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်လှစ်ပြီး စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ ပြည်သူ့ရင်ပြင်အတွင်း၌ ပုံကျဈေးရောင်းသူ ကျော်ဆန်း (၁၉)နှစ် (၁၉)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

ကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ဒဂုံမြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ လိုက်လံစုံစမ်းဖမ်းဆီးခဲ့ရာ မတ် ၃၁ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် ၎င်း၏ နေအိမ်မှ ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်း ရွှေဆွဲကြိုးအား ပြန်လည်သိမ်းဆည်းကာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်မြေများအတွက် လျော်ကြေးငွေများပေးအပ်

မကွေး မေ ၂

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူ ဆောင်ရွက်ခဲ့သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသော လယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို မတ် ၃၀ ရက် နံနက် ၈ နာရီတွင် မြို့သစ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သူ၊ မကွေးခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်၊ မကွေးခရိုင် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ခရိုင်အင်ဂျင်နီယာမှူး ဦးဇော်မိုးလွင်နှင့် တာဝန်ရှိသူများက တောင်သူများထံ လျော်ကြေးငွေများပေးအပ်ခဲ့သည်။

မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် နေပြည်တော်-တောင်ညို-မြို့သစ်-ကံပြား-မကွေးလမ်းသည် မြို့သစ်မြို့နယ်သို့ မိုင်တိုင် အမှတ် (၃၀)မှစ၍ မိုင်တိုင်အမှတ် (၆၆/၄)အထိ စုစုပေါင်း ၃၆ မိုင် ၄ ဖာလုံ ပါဝင်ဖြတ်သန်းခဲ့သည့် လမ်းဧရိယာအတွင်း လယ်မြေ ၁၀၆ ဒသမ ၃၉ ဧက၊ ယာမြေ ၁၅၈ ဧက ပါဝင်ပြီး ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကွင်းပေါင်း ၂၈ ကွင်း၊ ဦးပိုင်ပေါင်း ၄၁၀၊ တောင်သူပေါင်း ၃၆၄ ဦးကို လယ်တစ်ဧကလျှင် ကျပ် ၁၂ သိန်း၊ ယာတစ်ဧကလျှင် ကျပ် ခြောက်သိန်းနှုန်းဖြင့် စုစုပေါင်းလျော်ကြေးငွေကျပ် ၂၂၂ သန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဦးနေ)

ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

သုံးခွ မေ ၂

နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်အလဟဿမဖြစ်စေရေး၊ မြတ်ဗုဒ္ဓ၏အဆုံးအမများကို နာယူကြစေရန်၊ အမျိုးဘာသာသာသနာထွန်းကားစေရန်နှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်စိတ်ဓာတ်မြင့်မားစေရန်၊ ဗုဒ္ဓ၏အခြေခံတရားတော်များကို ကလေးငယ်ဘဝမှစ၍ သိရှိနားလည်စေရန် ရည်ရွယ်၍ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အမှတ်(၉)ရပ်ကွက် ဝဲပြန်ကျောင်းတိုက်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း ပထမအကြိမ် (၁/၂၀၁၄)ကို ဝဲပြန်ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဂုဏာနန္ဒ၏ ဦးဆောင်မှုဖြင့် မေ ၁ ရက် နံနက် ၈ နာရီမှ ၁၁ နာရီအထိ သင်တန်းဆရာမ သုံးဦးဖြင့် သင်တန်းပို့ချသင်ကြားပေးကြောင်း သိရသည်။

သင်တန်းကို မေ ၁ ရက်မှ ၇ ရက်အထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ကျောင်းသား ကျောင်းသူ ၁၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

နေပြည်တော် မေ ၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၄ ခုနှစ် ဧပြီလအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းလုပ်ငန်းများနှင့် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များ မှတ်ပုံတင်ပေးရေး စီမံချက် (One Stop Service) လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	နယ်လှည့်(ပုံမှန်)	နယ်လှည့်(ဆိုင်ကယ်စီမံချက်)
၁	ရန်ကုန်တိုင်းဒေသကြီး	မှော်ဘီ	-
၂	မန္တလေးတိုင်းဒေသကြီး	မလှိုင်	-
၃	ရှမ်းပြည်နယ်	ပင်လောင်း	ရပ်စောက်
၄	ကချင်ပြည်နယ်	ချီဖွေ၊ ဆော့လော်၊ မိုးကောင်း	ချီဖွေ၊ ဆော့လော်
၅	ကရင်ပြည်နယ်	လှိုင်းဘွဲ့	လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ ကျိုက်ဒုံ
၆	စစ်ကိုင်းတိုင်းဒေသကြီး	ကောလင်း၊ဝန်းသို၊ ပင်လယ်ဘူး၊ကသာ၊ ဗန်းမော်၊အင်းတော်၊ ထီးချိုင့်	-
၇	မကွေးတိုင်းဒေသကြီး	မြိုင်၊ ရေစကြို၊ စေတုတ္တရာ၊အောင်လံ	မြိုင်၊ ရေစကြို
၈	မွန်ပြည်နယ်	ချောင်းဆုံ	-
၉	ရခိုင်ပြည်နယ်	မာန်အောင်	မာန်အောင်၊ မောင်တော၊ ဘူးသီးတောင်
၁၀	ဧရာဝတီတိုင်းဒေသကြီး	သာပေါင်း၊ဖျာပုံ၊ ဘိုကလေး	ဟိုင်းကြီးကျွန်း၊ လပွတ္တာ၊ မြောင်းမြ၊ မြန်အောင်၊ ဖျာပုံ

(သတင်းစဉ်)

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ သိမ်းဆည်းမြေများအား ပြန်လည်ပေးအပ်

ရန်ကုန် မေ ၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၅၀၄) အမြောက်တပ်ရင်း အမြောက်တပ်ညွှန်ကြားရေးမှူးရုံးမှ သိမ်းဆည်းမြေဧရိယာ ၁၆ ဧကအား လွှဲပြောင်းပေးအပ်ပွဲကို မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် အဆိုပါမြေနေရာ၌ ကျင်းပရာ မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး သိမ်းဆည်းမြေ ပြန်လည်လက်ခံရရှိသည့် တောင်သူနှစ်ဦးအား လွှဲပြောင်းလုပ်ကိုင်ခွင့်လက်မှတ်များကို ဦးပိုင်အလိုက် ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည့်မြေများမှာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ရှမ်းတဲကြီး(တောင်ပိုင်း) ရပ်ကွက် ကွင်းအမှတ် (၁၀၈၇/က)၊ ဇလုပ်ကြီးမြောက်ကွင်း ဦးပိုင်အမှတ် (၂၀၊၂၁၊၂၂၊၂၃)ရှိ ဧရိယာ ၁၆ ဧကမှ ဦးဝင်းနိုင် ၁၄ ဒသမ ၅၀ ဧကနှင့် ဦးဇော်မိုး ၁ ဒသမ ၂၀ ဧကကို တစ်ဦးချင်းပိုင်အလိုက် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

သော်ဇင်ထက်(ပြန်/ဆက်)

မြန်မာအိုးပင်းတင်းနစ်ပြိုင်ပွဲစတင်ကျင်းပ

ရန်ကုန် မေ ၂

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာအိုးပင်းတင်းနစ်ပြိုင်ပွဲ (Myanmar Open Tennis Tournament)ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူ တင်းနစ်ကွင်း၌ကျင်းပရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အသက်(၁၄)နှစ်အထက် ထိုင်းမှလေးဦး၊ အင်ဒိုနီးရှားမှသုံးဦး၊ မြန်မာလူငယ်ကိုးဦး စုစုပေါင်း ၁၆ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲစနစ်မှာ Knock out System ဖြစ်သည်။

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် D.Udomchoke (ထိုင်း)က မြတ်နိုးအောင်(မြန်မာ)ကို (၆-၀၊၆-၀) ဖြင့်လည်းကောင်း၊ P.Siril ucthai-wattana (ထိုင်း)က မင်းမင်း(မြန်မာ)ကို (၆-၀၊ ၆-၀)ဖြင့်လည်းကောင်း၊ C.Rungkat (အင်ဒိုနီးရှား)က တင်မျိုးဝေ(မြန်မာ)ကို (၆-၁၊၆-၀) ဖြင့်လည်းကောင်း၊ D.A,Susanto (အင်ဒိုနီးရှား)က ဇင်ဘို(မြန်မာ)ကို (၆-၁၊ ၆-၃) ဖြင့် လည်းကောင်း၊ အောင်ကျော်နိုင်(မြန်မာ)က ဇော်ဆန်းဦး (မြန်မာ)ကို (၇-၅၊ ၆-၃)ဖြင့်လည်းကောင်း၊ C.Kaewsuto (ထိုင်း)က ဖြိုးသူလွင်(မြန်မာ)ကို (၆-၄၊ ၆-၂) ဖြင့်လည်းကောင်း၊ N.Benjasu-pawan (ထိုင်း)က ဝင်းနိုင်ဦး(မြန်မာ) ကို (၆-၃၊၆-၁) ဖြင့်လည်းကောင်း၊ A.H.Sasongko(အင်ဒိုနီးရှား)က ငယ်နှောင်း(မြန်မာ)ကို (၆-၀၊ ၆-၀) ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ပြိုင်ပွဲကို မေ ၃ ရက် နံနက် ၉နာရီတွင် ယင်းတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်လုံးကျွတ်သန်းခေါင်စာရင်း မြိုင်မြို့နယ်တွင် ကောက်ယူ

မြိုင် မေ ၂

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်၌ ကောက်ကွက်ပေါင်း ၄၀၇ ကွက်၊ အဖွဲ့စည်းကောက်ကွက်နှစ်ကွက်ရှိ ရပ်ကွက်/ကျေးရွာများတွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုကို မတ် ၃၁ ရက်က ဒုတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

စိန်မြိုင်(မြိုင်)



ကောင်းမှုတော်စေတီတော်သို့ ပြည်တွင်းပြည်ပ ဘုရားဖူးများ စံချိန်တင်သွားရောက်ဖူးမြော်

သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ- ခင်မောင်ဝင်း

ရန်ကုန် ဧပြီ ၂

ဂိမ္ဘာန်နွေဦး ပွင့်လင်းရာသီအစ မြန်မာနိုင်ငံအရပ်ဒေသများရှိ ဘုရား၊ ပုထိုး၊ ကျောင်းကန်များသို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ၊ ပြည်တွင်းပြည်ပ ဘုရားဖူးခရီးသည်များ ပျားပန်းခပ်မျှ သွားရောက်ဖူးမြော်လျက်ရှိသည်။

စစ်ကိုင်းမြို့ ရွှေဟောင်းယဉ်ကျေးမှု အနုလက်ရာများကို လေ့လာနိုင်မည့် ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီးတွင်လည်း နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများ၊ ပြည်တွင်းပြည်ပဘုရားဖူးခရီးသည်များ၊ ကုသိုလ်ပြုကြသူများနှင့် ဈေးဝယ်သူများကိုလည်း တွေ့ရသည်။

"ဒီနှစ် ပြည်တွင်းပြည်ပဘုရားဖူးခရီးသည်တွေက အရင်နှစ်ကနဲ့မတူဘဲ တော်တော်လေးကို ထူးထူးခြားခြား ဝင်ရောက်လာတာကို တွေ့ရပါတယ်။ အထူးသဖြင့် ဒီကောင်းမှုတော်စေတီတော်ကြီးကို လာရောက်ဖူးမြော်တဲ့ ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်တွေရဲ့ အလှူငွေတွေက ဒီမတ်လ တစ်လတည်းကို ကျပ်သိန်း ၂၀၀ ကျော်လောက်ရရှိပါတယ်။ ဒီလို ဘုရားဖူးများတဲ့ ရာသီတွေဆိုရင် ကျွန်တော်တို့ဂေါပကအဖွဲ့က တည်းခိုဆောင်တွေကို အလှူငွေသာ ကောက်ခံပြီး တည်းခိုနိုင်အောင် စီစဉ်ပေးပါတယ်"ဟု ကောင်းမှုတော်စေတီတော် ဂေါပကအဖွဲ့ဝင် ဘဏ္ဍာရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော် စေတီတော်ကြီးကို အမေရိကန်၊ ထိုင်းနိုင်ငံတို့မှ ဘုရားဖူးခရီးသည် အများဆုံးသွားရောက်ဖူးမြော်ကြကာ တရုတ်၊ ကိုရီးယား၊ ပြင်သစ်နှင့် ဗီယက်နမ်နိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသွားများပါ ယခုနှစ်အတွင်း စံချိန်တင်သွားရောက် ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ရန်ကုန် ဧပြီ ၂

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆန္ဒဖော်ထုတ်သူများအကြား ညှိနှိုင်းအဖြေရှာ စားပွဲဝိုင်းစာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

၁၉၉၁ ခုနှစ်တွင် တပ်မ(၂၂)က သိမ်းယူခဲ့သော မိချောင်းကန်ရပ်ကွက်မြေများနှင့်ပတ်သက်သည့် နစ်နာကြေး ပြန်လည်ရရှိရေးနှင့် ဝါဝါဝင်းကုမ္ပဏီကတည်ဆောက်ထားသော မြန်မာ့ဂုဏ်ရောင်မြေပေါ်မှ ဖယ်ရှားခံပြည်သူများ၏နစ်နာကြေးများ ပြန်လည်ရရှိရေးအတွက် ယနေ့ဆန္ဒဖော်ထုတ်သူများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတို့အကြား တရားမျှတစွာညှိနှိုင်းအဖြေရှာ စားပွဲဝိုင်းစာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့တော်ခန်းမ၌ ဧပြီ ၁ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြေဖယ်ရှားခံပြည်သူများ၏ နစ်နာမှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းတက်ရောက်ပြီး ဦးစွာရှင်းလင်းပြောကြားရာတွင် ယခင်အစိုးရလက်ထက်က ဆောင်ရွက်မှုတို့အပေါ် ပြည်သူများအနေဖြင့် အထိုက်အလျောက် နစ်နာမှုများရှိကြောင်းကို ဆန္ဒဖော်ထုတ်သူများ တင်ပြချက်အရ သိရကြောင်း၊ ၎င်းကိစ္စကို တရားမျှတသောလမ်းကြောင်းပေါ်သို့ရောက်ရှိအောင် ဆောင်ရွက်ပေးရမည့်တာဝန်များသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ပတ်သက်နေသဖြင့် ဥပဒေနှင့်အညီ ညှိနှိုင်းအဖြေရှာနိုင်ရန် ယခုလို နှစ်ဖက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့သည် နိုင်ငံ၏စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ နိုင်ငံခြားသားခရီးသွားပြည်သူအများဆုံးလာရောက်သော မြို့တော်ဖြစ်သည့်အလျောက် မြို့ပြအမြင်မတင့်တယ်မှုများကို မဖြစ်စေရေးအတွက် နှစ်ဦးနှစ်ဖက်ညှိနှိုင်းအဖြေရှာသည့် စားပွဲဝိုင်းရှင်းလင်းပွဲတစ်ရပ်ပင်ဖြစ်ပါကြောင်း၊ နောင်တွင် ရန်ကုန်မြို့တော် မြို့ပြအမြင်မတင့်တယ်မှုများ မဖြစ်စေရန်အတွက် ဆန္ဒဖော်ထုတ်ရန်နေရာများကို သီးခြားစီစဉ်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းညှိနှိုင်းအဖြေရှာ စားပွဲဝိုင်း စာနယ်ဇင်းရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။

ထို့နောက် မြန်မာ့ဂုဏ်ရောင်ရပ်ကွက် ဆန္ဒဖော်ထုတ်သူများကိုယ်စား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ဦးသိန်းလှိုင်ထွန်းက မြန်မာ့ဂုဏ်ရောင်ရပ်ကွက်နေပြည်သူများ ဆန္ဒဖော်ထုတ်ခြင်းသည် နိုင်ငံရေးမပါဘဲ မိမိတို့၏ နစ်နာမှုအတွက် တိုက်ရိုက်ဆက်နွှယ်နေသော ဝါဝါဝင်းကုမ္ပဏီထံနစ်နာကြေးများရရှိအောင် ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း၊ ယနေ့ဆန္ဒဖော်ထုတ်သော မြန်မာ့ဂုဏ်ရောင်မြေနေရာသည် စည်ပင်သာယာဥပဒေအရ အမြင်မတင့်တယ်မှုများရှိသည့်အတွက် ဥပဒေနှင့်အညီ ဆန္ဒဖော်ထုတ်သူများ၏ အဖွဲ့တဲများ၊ အမိုးအကာများကို ဖျက်သိမ်းပေးခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့ပြလမ်းများပေါ်၌ဆန္ဒဖော်ထုတ်သည့် မြေနေရာများတွင် ခွင့်ပြုချက်မရှိဘဲအမိုးအကာများ ဆောက်လုပ်ထားခြင်းကိုဖျက်သိမ်းရခြင်းနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန ဌာနမှူး ဦးတင်ကိုကိုက ပြန်လည်ရှင်းလင်းရာတွင် မြန်မာ့ဂုဏ်ရောင်ရပ်ကွက်ပြည်သူများ ဆန္ဒဖော်ထုတ်မှုကို စည်ပင်သာယာအနေဖြင့် အဟန့်အတားပြုခြင်းမဟုတ်ဘဲ စည်ပင်သာယာဥပဒေအရ မြို့ပြအမြင်မတင့်တယ်သော အမိုးအကာများအားဖျက်သိမ်းပေးရန် အချိန်ပေးနှိုးဆော်သတိပေးပြီး ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း ပန်းခြံနံဘေးတွင် မိချောင်းကန်ရပ်ကွက်မြေသိမ်းခံပြည်သူများ၏ ဆန္ဒဖော်ထုတ်မှုအဖွဲ့ခေါင်းဆောင် ဦးစိန်သန်းက မိချောင်းကန်ရပ်ကွက်နစ်နာမှု ဆန္ဒဖော်ထုတ်ခြင်းနှင့်ပတ်သက်၍ တင်ပြရာတွင် ယခုတစ်ကြိမ်အပါအဝင် (၁၀)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အဖွဲ့တွင် သက်ကြီးရွယ်အိုမိခင်များလည်း ပါဝင်ဆန္ဒဖော်ထုတ်ခြင်းမှာ မိမိတို့မိသားစုနစ်နာမှုကိုသာ ဦးတည်ဆန္ဒဖော်ထုတ်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် သဃ်န်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းညွန့်က ယခုညှိနှိုင်းအဖြေရှာသည့် စားပွဲဝိုင်းသည် နှစ်ဦးနှစ်ဖက်အကျိုးရှိစွာ ဖြေလျှော့သွားနိုင်ရန်အတွက်ဖြစ်ကြောင်း၊ မိချောင်းကန်ရပ်ကွက် မိဘပြည်သူများ၏ မိသားစုနစ်နာမှုမရှိစေရေးအတွက် မိမိအနေဖြင့် မိချောင်းကန်ရပ်ကွက်မှ တရားမျှတစွာ ရပ်တည်နိုင်ရေးအတွက် ယနေ့ဆောင်ရွက်နေသော ဆန္ဒဖော်ထုတ်မှုကို ယာယီရပ်ဆိုင်းရန်နှင့် ဥပဒေနှင့်အညီ တရားမျှတမှုရှိနိုင်ရန် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် နိုင်ငံတော်သမ္မတကြီးထံသို့လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်းကောင်း အဆင့်ဆင့်ရောက်ရှိအောင် နစ်နာသူများအတွက် ဥပဒေနှင့်အညီ တရားမျှတသောလမ်းကြောင်းကို ရွေးချယ်ပြီး မိမိက ဆောင်ရွက်ပေးသွားမည်ဟု ပါဝင်ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

(စောသိန်းဝင်း)





မဟာသင်္ကြန်ပွဲတော်တွင် ဝင်ရောက်ဆင်နွှဲကြမည့် အမေများနှင့် မမများအဖွဲ့

တွေ့ဆုံမေးမြန်း
ဆွေဆွေနိုင်၊ ခင်ချိုဝင်း

ရန်ကုန် မေ ၂

သင်္ကြန်သီချင်းများ၊ သင်္ကြန်သံချပ်များနှင့်အတူ သင်္ကြန်ရနံ့များက ဟိုတစ်စ၊ သည်တစ်စ ကြားလာရပြီဖြစ်သည်။ သင်္ကြန်၏ အကြိုကာလမြင်ကွင်းများဖြစ်သည့် ရေပက်ခံမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များ ဆောက်လုပ်နေခြင်း တို့ကိုလည်း ရန်ကုန်မြို့တွင်း နေရာအနှံ့အပြားမြင်တွေ့နေရပြီဖြစ်သည်။

သင်္ကြန်သည် မြန်မာလူမျိုးတို့အတွက် မရိုးနိုင်သောရိုးရာယဉ်ကျေးမှုပွဲတော်များအနက် ချစ်စရာ့မြန်မာ့ရိုးရာဓလေ့ကို ပြသသည့် အထင်ကရပွဲတော်တစ်ခုလည်းဖြစ်သည်။

သင်္ကြန်ပွဲတော်ဟုဆိုလျှင် မြန်မာလူမျိုးများမဆိုထားနှင့် လူမျိုးပေါင်းစုံ၊ သာသာပေါင်းစုံ ဝင်ရောက်နွှဲပျော်ကြသော ပွဲတော်လည်းဖြစ်သည်။

ငယ်စဉ်က သင်္ကြန်သီချင်းသံကြားရပြီဆိုလျှင် မကဘဲမနေနိုင်၊ ကျောင်းသူဘဝက ကျောင်းများတွင် ကခဲ့သလို အရပ်သူဘဝအရပ်ထဲ၌ ကခဲ့ကြသည်။ ပျော်စရာအတိဖြစ်ခဲ့သည်။

သင်္ကြန်ကို ချစ်စရာရိုးရာအဖြစ်ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပုံဖော်ကြရာ၌ ရုပ်ရှင်နယ်ပယ်မှ အမေများအဖွဲ့နှင့် မမများ လူမှုကူညီရေးအဖွဲ့တို့ကလည်း ပါဝင်ဆင်နွှဲကြရာ သတင်းစဉ်အဖွဲ့က မေးမြန်းထားသည်များကို ဝေမျှလိုက်သည်။

ဒေါ်နွဲ့နွဲ့စန်း(အမေများအဖွဲ့)

အမေတို့ကတော့ ရိုးရာပဲ ကပြမှာပါ။ ထွင်လို့လည်း မရပါဘူး။ အမေတို့အရွယ်က ထွင်လုံးနဲ့ တင်ဆက်ရမယ့်အရွယ်တွေလည်းမဟုတ်တော့ပါဘူး။ အမေတို့က ရိုးရာကိုပြမယ်။ မြန်မာတွေရဲ့ အလေ့အထကိုပြမယ်။ မြန်မာတွေရဲ့ ဝတ်စားဆင်ယင်မှုကိုပြမယ်။ အမေတို့အဖွဲ့မှာ ၁၆ ယောက်ရှိပါတယ်။ အမေတို့ ရန်ကုန်-မန္တလေး တစ်ကြောက ဖိတ်တဲ့မဏ္ဍပ်တိုင်းကို ကပြမှာပါ။ မန္တလေးကိုသွားရင် လမ်းဟောင်းကပဲသွားတယ်။ အမေတို့အရွယ်တွေနဲ့ အမေတို့ရဲ့လုပ်ရပ်တွေ၊ ဖွဲ့ လှံ့လ၊ ဝီရိယတွေ၊ ထိန်းသိမ်းခဲ့တဲ့ ယဉ်ကျေးမှုတွေကိုချပြချင်လို့ ရွာတွေများတဲ့ လမ်းဟောင်းက သွားကြတာပါ။မဏ္ဍပ်သေးသေးလေးတွေလည်း အမေတို့တက်ကပေးတယ်။ အမေတို့ရဲ့ အနုပညာကိုတောမှာလည်း စီးစိမ့်ပြီး ဝင်စေချင်တဲ့စေတနာနဲ့ အမေတို့ ကပြကြတယ်။

အမေတို့ကရင်းနဲ့ ဟောလည်းဟောပြောတယ်။ ဟောပြောတဲ့အခါမှာ ဒီလိုအရွယ်ထိ ဘယ်လောက်ကြိုးစားခဲ့ရတယ်။ ငှက်များဟာ ပျံရင်းသေတယ်။ လူတွေက ကြိုးစားရင်းနဲ့သေရမယ်။ ငါတော့ အသက်ကြီးပြီဆိုပြီး အားမလျှော့ပါနဲ့။ အိမ်ထောင်ရေးပိုင်းမှာလည်း ဒီလိုပဲ၊ ကြိုက်တုန်းကတော့ လှလို့ကြိုက်ကြတယ်။ ငါတော့ အိုသွားပြီဆိုပြီး ပစ္စုဒ္ဒေရမနေပါနဲ့။ စည်းရုံးရင်းက၊ ကရင်းစည်းရုံးပါတယ်။ တောက ကလေးတွေကို အမေတို့ရဲ့ ရိုးရာယဉ်ကျေးမှုတွေ မြို့မှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ အသိနဲ့ပဲနေပါ။ ထဲထဲဝင်ဝင် မသိဘဲနဲ့ လိုက်ဝတ်တာတို့၊ လိုက်ပြောတာတို့၊ ဆံပင်ဆေးဆိုးတာတို့ မလုပ်ပါနဲ့။ ဒါတွေဟာ တို့ယဉ်ကျေးမှုမဟုတ်ဘူးလို့ ကလေးတွေကို သိစေချင်တဲ့ စေတနာနဲ့ လမ်းဟောင်းကသွားပြီး ရွာတိုင်းဝင်ကဖြစ်တာပါ။ အမေတို့ရဲ့ နှစ်သစ်ကူးစကားလက်ဆောင်ကတော့ မြင့်မြတ်တဲ့အလုပ်၊ မြင့်မြတ်တဲ့အကြံတွေကြံသွား၊ လုပ်သွားကြပြီး နှစ်သစ်ကူးမှာဆင်ခြင်စရာတွေကို ဆင်ခြင်သွားကြမယ်ဆိုရင်တော့ အကောင်းဆုံးပါပဲလို့ စကားလက်ဆောင် ပါးချင်ပါတယ်။

မမများအဖွဲ့

မမတို့က "မမများလူမှုကူညီရေးအဖွဲ့"ဆိုပြီး ၂၀၀၂ ခုနှစ်မှစပြီး ဖွဲ့ခဲ့တာပါ။ စဖွဲ့စဉ်ကတော့ အဖွဲ့ဝင် ၁၆ ဦးလောက်ရှိခဲ့ပါတယ်။ အခုတော့ တချို့အဖွဲ့ဝင်တွေက ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအကြောင်းကြောင်းတွေကြောင့် အဖွဲ့ထဲမှာ မပါဝင်ဖြစ်ခဲ့ကြတော့ပါဘူး။ အခုဆိုရင် မတူး၊ မလုံးတင်၊ ဂွမ်းပုံကြီး၊ ခင်သန်းဝင်း၊ သန်းသန်းဆင့်၊ အိမ့်ကြာဖြူ၊ အေးအေးခိုင်၊ ခင်မို့မို့အေးနဲ့ ဝါဝါအောင် အပါအဝင် အဖွဲ့ဝင် ကိုးယောက်နဲ့ မမတို့အဖွဲ့လှုပ်ရှားနေပါတယ်။

၂၀၀၂ ခုနှစ်မှာ မမများအဖွဲ့ကိုဖွဲ့ပြီး ကခဲ့ကြတာ၊ မမတို့ရုပ်ရှင်လောကသားအလွှာစုံရဲ့ သာရေး၊ နာရေး၊ လူမှုရေးတွေမှာ ကိုယ်ကလို့ရတဲ့ ပိုက်ဆံတွေနဲ့ လှူမယ်ဆိုပြီး ခံယူထားခဲ့ကြပါတယ်။ စတည်ထောင်တဲ့ ၂၀၀၂ ခုနှစ်မှာ သီချင်းရေးဆရာ ဂီတစာဆို ဦးကြေးမုံရေးတဲ့ ဒီအရွယ်မမတို့အရွယ်ဆိုတဲ့ သီချင်းနဲ့ ကပြခဲ့ကြတယ်။ အဲဒီနှစ်က အလှူငွေကျပ် ၃၆ သိန်းရပါတယ်။ ရတဲ့အလှူငွေတွေကို ဒီရုပ်ရှင်အစည်းအရုံးမှာပဲ လူမှုရေးအဖွဲ့အစည်းတွေကို ဖိတ်ပြီးလှူခဲ့ပါတယ်။

သင်္ကြန်မှာဆိုရင် မမတို့အဖွဲ့ကို အထက်မြန်မာပြည်က မလာမနေရ၊ မုံရွာ၊ မန္တလေး၊ တစ်ကြောက မဏ္ဍပ်တွေက အမြဲဖိတ်တယ်။ မမတို့ကတော့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှာရှိတဲ့ ပရိသတ်တွေကို အားလုံးချစ်ပါတယ်။ အားလုံးက ဖိတ်ကြတော့ အားလုံးကိုမျှပြီး သွားရပါတယ်။ ပဲခူးဆိုရင်လည်း နှစ်စဉ်နှစ်တိုင်း သွားကရပါတယ်။ အကြိုနေ့ကတော့ ရန်ကုန်မှာ ရုပ်ရှင်အစည်းအရုံးက သတ်မှတ်ပေးထားတဲ့ စင်တွေကိုသွားဖွင့်ပေးပါတယ်။ ရန်ကုန်မှာ တစ်နေ့လုံးကပြီး ညနေပိုင်းမှာ ပဲခူးကစင်တွေမှာ ဖျော်ဖြေပါတယ်။ ညတွင်းချင်း နေပြည်တော်ကို တက်ပါတယ်။ နေပြည်တော်မှာ ဝန်ကြီးဌာန မဏ္ဍပ်တွေမှာကပေးပါတယ်။ ညဘက်မှာ မန္တလေးကို ဆင်းပါတယ်။ မန္တလေးကမဏ္ဍပ်တွေကပြီးရင် မုံရွာကိုသွားပါတယ်။ မုံရွာက ရပ်ကွက်တွေကများတော့ လမ်းမှာ စစ်ကိုင်း၊ မြင်းမူအညာတစ်ခွင် တောက်လျှောက် ဖျော်ဖြေပေးပါတယ်။

ဒီနှစ်သင်္ကြန်မှာတော့ သီချင်းသုံးပုဒ်နဲ့ဖျော်ဖြေမှာပါ။ ဒီနှစ်သီချင်းရဲ့ ခေါင်းစဉ်ကတော့ ဂီတမျိုး ဦးစိုးရေးတဲ့ "မမ စတိုင်"ဖြစ်ပါတယ်။ မမတို့အဖွဲ့က ဖျော်ဖြေရေးလည်းဟုတ်တယ်။ ကိုယ်ရတဲ့ချွေးနဲစာကနေ ရုပ်ရှင်အလွှာစုံကအနုပညာရှင်တွေရဲ့ ကျန်းမာရေး၊ သာရေး၊ နာရေး၊ လူမှုရေးတွေမှာ တတ်နိုင်သလောက် လှူသွားမှာပါ။

မမများ လူမှုကူညီရေးအဖွဲ့ဖြစ်တာကြောင့် ရုပ်ရှင်အသိုင်းအဝိုင်းမှမဟုတ်ဘူး။ ဘယ်သူက ဖိတ်ဖိတ်၊ ဖိတ်ရင် မမများအဖွဲ့က ကူညီပေးပါတယ်။

ယနေ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃-၄-၂၀၁၄ (ကြာသပတေးနေ့)

MRTV-4

၅း၄၀	"လိုအပ်ချက်လေးဖြည့်ပေးချင်ရုံ သက်သက်ပါပဲ" တရားတော် (အပိုင်း-၂) [ရွှေပါရမီတောရဆရာတော် အရှင်အရှင်ဆန္ဒာဓိက]
၉း၄၅	ရန်ကုန်မြင်ကွင်းကျယ် -အ. ထ. က(၅)ဗိုလ်တထောင် မြတ်ဆရာပူဇော်ပွဲအခမ်းအနား -တော်ဝင်စင်တာ(၃)နှစ်ပြည့် စတုဒိသာအလှူ -Hotel Inya မိတ်ဆက်ပွဲ -Okano Lubricant Press Conference
၁၀း၀၅	ခေတ်သစ်ပျိုမေ
၁၀း၅၀	အနုပညာမိုးကောင်းကင်
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး(အပိုင်း-၃၈)
၈း၀၀	MRTV-4 သတင်း
၂း၀၀	Intellectual Talk (ကမ္ဘာမြေကို ကယ်တင်စို့) (ဒေါက်တာခင်မောင်ညို၊ ဦးအုန်း)
၂း၄၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၄၀	လက်ကမ်းသင့်လှပရဟိတ

MWD

၆း၀၃	တရားတော်
၆း၂၅	မေတ္တာပို့
၆း၃၅	ဓမ္မပူဇာတေး
၆း၄၅	မျိုးချစ်တပ်မတော်
၆း၅၀	မှတ်တမ်း
၆း၅၅	မြန်မာသံစဉ်ချိုနားဝင်
၇း၂၀	အမျိုးသားရေးတေးကဗျာ
၈း၁၀	ရွှေးဟောင်းသုတ
၈း၃၅	ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
၈း၅၅	လျှပ်တစ်ပြက်
၄း၂၅	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	ဇာတ်လမ်းတို
၄း၄၅	ဗီစီဒီကျော်ကြားတေး
၄း၅၀	မွေးမြူသုတ
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၁၅	ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၃၅	ကာတွန်းအစီအစဉ် -ထူးခြားချစ်စရာဒမ်ဗာ (အပိုင်း-၁၅)

MRTV

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၂၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၆း၃၀	နှောင်းခေတ်တေးပဒေသာ
၆း၄၀	"အံ့ဖွယ်အစုံအလင်နဲ့ သာသနာ့သမိုင်းဝင်တဲ့ ဖိုလ်ဝင်တောင်" (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၆း၀၀	ပြည်တွင်းသတင်း မိုးလေဝသအခြေအနေ
၇း၄၅	ခါသင်္ကြန်အဆိုအကများ
၁၁း၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၂း၁၅	သုခုမရင်ခွင်အငြိမ့်သဘင် "ဟားခရေဇီအငြိမ့်" (မင်းသမီး၊ ဆုမွန်ကျော်၊ လူရွှင်တော်-ဖိုးလမင်း၊ စိန်ပန်းသီး၊ ကျော်ထက်၊ သာစိ၊ ဖြူနု)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၃၅	မျက်မှောက်ရေးရာအဖြာဖြာ
၉း၃၀	ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်များစတင်ယှဉ်ပြိုင် ပထမနေ့ပွဲစဉ်များတွင် သရေရလဒ်များသာ ထွက်ပေါ်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့ပွဲစဉ်များအနက်မှ ပထမနေ့ပွဲစဉ်များအဖြစ် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်း၊ မန်ယူအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံး တစ်ဖက်တစ်ဂိုးစီသရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

စပိန်လာလီဂါ၏ ထိပ်ဆုံးနှစ်သင်းဖြစ်သည့် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် မက်ဆီ၊ အင်နီယေစတာ၊ နေမာ၊ ဘက်စ်ကွက်၊ ဇာဗီ၊ ဖာဘရီဂတ်စ်၊ မာရှေယာနို၊ ပီကေး၊ ဂျော်ဒီအယ်လ်ဘာ စသည့်ကစားသမားများကို ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ကစားစေခဲ့ပြီး အက်သလက်တီကိုမက်ဒရစ် အသင်းသည် ဒီယေဂိုကော်စတာ၊ ဒေးဗစ်ဗီလာ၊ တီယာဂို၊ မီရန်ဒါ၊ အာဒါတူရန် စသည့်ကစားသမားများဖြင့် ၄-၂-၃-၁ မဟာဗျူဟာကို အသုံးပြုကာ ပွဲထွက်ကစားစေခဲ့သည်။

ယင်းပွဲစဉ်သည် ခြေရည်တူကစားနိုင်ခဲ့ခြင်းကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့ပြီး ဒုတိယပိုင်း ပွဲကစားချိန် ၅၇ မိနစ်ရောက်မှသာ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် တိုက်စစ်မှူးဒီယေဂိုကော်စတာက အဝေးကွင်းတွင် ဦးဆောင်ဂိုးစတင်သွင်းယူပေးခဲ့သည်။

ထို့နောက် ဘာစီလိုနာအသင်းသည် ချေပဂိုးရရှိရေးအတွက် ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်၏ နေရာတွင် အလက်ဇစ်ဆန်းချက်ချ်အား အစားထိုးကာ ကစားကွက်အပြောင်းအလဲပြုလုပ်ခဲ့ပြီးနောက် ပွဲကစားချိန် ၇၁ မိနစ်တွင် အင်နီယေစတာ၏ ဖန်တီးပေးပို့မှုကြောင့် တိုက်စစ်မှူးနေမာက ချေပဂိုးသွင်းယူပေးခဲ့ပြီး သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့၍ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့သည် ယခုနှစ်ဘောလုံးရာသီတွင် ပြတ်သားသော ဂိုးရလဒ်ထွက်ပေါ်ထားခဲ့ခြင်းမရှိခဲ့ဘဲ စပိန်စူပါဖလား ပထမအကျော့တွင် တစ်ဖက်တစ်ဂိုးစီသရေ၊ ဒုတိယအကျော့တွင် ဂိုးမရှိသရေနှင့် လာလီဂါပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်များသာ ထွက်ပေါ်ခဲ့သည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပထမအကျော့၏ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် မန်ယူအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ပွဲစဉ်တွင် မန်ယူအသင်းသည် ရွန်းနီ၊ ဝဲလ်ဘက်၊ ဗလန့်စီယာ၊ ဗီဒစ်၊ ဖာဒီနန်၊ ဂစ်၊ ဖယ်လိုင်နီ၊ ကားရစ်၊ ဖီးဂျုံးစ် စသည့် ကစားသမားများကို အိမ်ကွင်းအိုးထရက်ဖို့ဒ်တွင် ၄-၃-၃ ကစားကွက်ဖြင့်ပွဲထွက်လာခဲ့ပြီး လက်ရှိချန်ပီယံလိဂ်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းမှာမူ သောမက်မူလာ၊ ရော်ဘင်၊ ရီဘာရီ၊ တိုနီခရုစ်၊ ရှဝိန်းစတိုင်ဂါ၊ ဖိလစ်လမ်း၊ အယ်လ်လာဘာ၊ မာတီနက်ဇ် စသည့်ကစားသမားများကို ၄-၁-၂-၃ ဖြင့် ပွဲထွက်လာခဲ့ရာ ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သည်။ သို့ရာတွင် တိုက်စစ်မှူးရွန်းနီ၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် မန်ယူနောက်ခံလူ ဗီဒစ်က အိမ်ကွင်းတွင် ဦးဆောင်ဂိုးစတင်သွင်းယူနိုင်ခဲ့သည်။

ထို့နောက်ဘိုင်ယန်မြူးနစ်အသင်းသည် သောမက်မူလာနေရာတွင် မန်ဇူကစ်ကို လူစားလဲကစားစေပြီးနောက်ပိုင်း ပွဲကစားချိန် ၆၇ မိနစ်တွင် လူစားဝင်လာသည့် မန်ဇူကစ်၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် ရှဝိန်းစတိုင်ဂါက ချေပဂိုးသွင်းယူပေးခဲ့သည်။ သို့ရာတွင် နှစ်သင်းစလုံးသည် နောက်ထပ်ဂိုးများသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ ပွဲကစားချိန် မိနစ် ၉၀ တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သည့် ရှဝိန်းစတိုင်ဂါ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရပြီး တစ်ဖက်တစ်ဂိုးစီသရေ ရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။

ငွေကြယ်

ဘောလုံးလောကသတင်းတိုများ

မန်ယူအသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်မည့်အနေအထားတွင်ရှိကြောင်း မန်ယူဘယ်နောက်ခံကစားသမား ဘတ်နာက ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာကလည်း မန်ယူအသင်းသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးအသင်းများထဲတွင် တစ်သင်းအပါအဝင်ဖြစ်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းသည် စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကစားရမည်ဖြစ်ရာ ရီးယဲလ်မက်ဒရစ်အသင်း၏ အားနည်းချက်ကို သိရှိထားပြီးဖြစ်ကြောင်း ဒေါ့မွန်ကွင်းလယ်လူ မာကိုရုစ်က ပြောကြားခဲ့သည်။

အဒီဘာယောသည် တံကောက်ကြောဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်မှစတင်ကာ အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ယခု ဆန်းဒါးလန်းအသင်းနှင့် ကစားမည့်ပွဲစဉ်မတိုင်မီ စပါးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

မန်စီးတီးအသင်းမှ ဆာဘီးယားကြယ်ပွင့် ကိုလာရော့ဗ်သည် နည်းပြမန်စီနီ၏ လက်ထက်တွင် အသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးခဲ့ရခြင်းကြောင့် မန်စီးတီးအသင်းမှ ထွက်ခွာရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အာစင်ဝင်းဂါး အာဆင်နယ်၌ ဆက်နေရန် ကစားသမားများ ဆန္ဒရှိနေ

အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးအား ပရီမီယာလိဂ်ကလပ်အာဆင်နယ်အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုကာ အသင်းတွင် ဆက်နေစေရန် အာဆင်နယ်အသင်း ကစားသမားများက ဆန္ဒရှိနေကြောင်း အာဆင်နယ် နောက်တန်းကစားသမား ဗာမေလန်က ထုတ်ဖော်ပြောကြားခဲ့သည်။

အာစင်ဝင်းဂါး၏ ၂၀၁၀ ခုနှစ် ဩဂုတ်လအတွင်းက ချုပ်ဆိုခဲ့သော စာချုပ်သစ်သည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်ရာ အာဆင်နယ်အသင်း၌ ၁၈ နှစ်ကြာနည်းပြအဖြစ်ကိုင်တွယ်ခဲ့ပြီးနောက် အာစင်ဝင်းဂါးသည် အာဆင်နယ်၌ ဆက်လက်ရှိနေရန် မသေချာသေးကြောင်းလည်း သိရသည်။

အာစင်ဝင်းဂါး အမ်းမရိတ်ကို လမ်းခွဲသွားပါက အာဆင်နယ်အသင်း အနေဖြင့် အက်သလက်တီကိုမက်ဒရစ်နည်းပြ ဆင်မီဝမ်း၊ ဒေါ့မွန်အသင်းနည်းပြ ဂျာဂန်ကလော့၊ အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ် စသည့်နည်းပြများထဲမှ တစ်ဦးကို ခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။ သို့ရာတွင် အာဆင်နယ်အသင်းအတွက် ကိုးနှစ်ကြာဖလားလက်မဲ့ဖြစ်ခဲ့သော်လည်း အာဆင်နယ်ကစားသမားများကမူ အာစင်ဝင်းဂါး အသင်း၌ ဆက်ရှိနေရန် ဆန္ဒရှိနေကြောင်းဗာမေလန်ကပြောကြားခဲ့သည်။

နေ့စားလပေး မူလတန်းပြ ဆရာ၊ဆရာမရာထူး ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် ဆရာလိုအပ်သည့်ကျောင်းများ၌ နေ့စားလပေး မူလတန်းပြဆရာ၊ ဆရာမ ရာထူးများတွင် အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က)ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) Ph.Dဘွဲ့ရသူများ(အသက်-၄၀နှစ်နှင့်အောက်)။
(ဂ)M.A/M.Sc ဘွဲ့ရသူများ(အသက်-၃၅နှစ်နှင့်အောက်)။
(ဃ)B.A/B.Sc ဘွဲ့ရသူများ(အသက်-၃၀နှစ်နှင့်အောက်)

၂။ မူလတန်းပြဆရာ၊ဆရာမများအဖြစ် ရွေးချယ်ခံရသူများသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ်ရရှိ ပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ် အတည်ပြုခန့်အပ်မည်ဖြစ်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့)ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူပူးတွဲတင်ပြရမည်။လျှောက်လွှာနှင့်အတူ အထောက်အထားများပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၄ခုနှစ်၊ဇွန်လ(၁)ရက် နောက်ဆုံးထားတင်ပြရမည်။(အသက်ကန့်သတ်ချက်ကို ၂၀၁၄ခုနှစ်၊ဇွန်လ (၁)ရက်ဖြင့် တွက်ချက်သည်။)

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် ၅-၄-၂၀၁၄ရက်မှစ၍ အခမဲ့ထုတ်ယူနိုင်ပြီး မိမိတို့၏ လျှောက်လွှာများကို ၃၀-၄-၂၀၁၄ရက် ညနေ(၄)နာရီနောက်ဆုံးထား၍ မိမိတို့ဖြေဆိုလိုသော မြို့နယ်ရှိ မြို့နယ်ပညာရေးမှူးရုံးတွင် ပြန်လည်ပေးပို့လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ၆-၅-၂၀၁၄ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျင်းပမည့် အင်္ဂလိပ်စာ၊သင်္ချာနှင့် အထွေထွေဗဟုသုတဆိုင်ရာ တစ်နာရီမေးခွန်းဖြေဆိုရမည်။

၆။ ၁၀-၅-၂၀၁၄ရက်တွင် ရေးဖြေအောင်စာရင်းထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ၁၅-၅-၂၀၁၄ရက် ၉နာရီတွင် မိမိတို့ဖြေဆိုထားသော မြို့နယ်ပညာရေးမှူးရုံးများတွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါ သည်။

၇။ အသေးစိတ်အချက်အလက်များကို အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ခရိုင်/မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

RUBY

ပျောက်ဆုံး

ကျွန်မမစုသက်မာ[၁၂/တကန(နိုင်)၁၃၄၆၅၄]၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသည်။

ဖုန်း-၀၉-၄၂၀၂၀၃၁၇၈

မီးသတိပြု

(၂၀) နှစ်မြောက် မင်္ဂလာဆုမွန်ရှာ

Grace Gloria Win (9th Grader, ISY)

(၂၀) နှစ်မြောက် မင်္ဂလာဆုမွန်ရှာ

Forever Gems

Jewel Collection Manufacturing Co., ltd

United GP development

Victorious Gems Co., Ltd (Singapore)

မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

မန္တလေး မေ ၂

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ် အကွက်(၆၉၅) (၃၈)လမ်း၊ (၇၂)လမ်းနှင့် (၇၃)လမ်းကြားတွင် ယမန်နေ့နံနက် ၁၀နာရီ ၂၅ မိနစ်က မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဒေါ်သန်းသန်း ပိုင်ဆိုင်သော RC နှစ်ထပ်ခွဲအပေါ်ဆုံးထပ်တွင် ရေမော်တာအတွက် အသုံးပြုသော မီးအားမြှင့်စက် အပူလွန်ကဲရာမှ စတင်လောင်ကျွမ်းခြင်းဖြစ်သည်။

မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် ၃၆ စီး၊ သန္တေအင်အား ၃၀၊ အရန်အင်အား ၂၀၀ တို့ဖြင့် ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွက် မန္တလေးမြို့ အမှတ်(၉)ရဲစခန်းက (ပ)အမှတ် ၁၈၈/၂၈၅/၂၀၁၄ အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

စိတ်ကျန်းမာရေး မကောင်းသူတစ်ဦး ယာဉ်တိုက်၍ သေ

မိတ္ထီလာ မေ ၂

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၃၄၅/၁)နှင့် (၃၄၅/၂)အကြား ရှမ်းတဲကျေးရွာအနီး၌ မေ ၁ ရက် နံနက် ၇ နာရီခန့်က စိတ်ကျန်းမာရေးမကောင်းသူ အမျိုးသားတစ်ဦးအား ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ လူတစ်ဦး ယာဉ်တိုက်သေဆုံးကြောင်း သတင်းအရ အမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဦးဖိုးနီ (၇၂)နှစ် (စကားမပြောဘဲ လမ်းပေါ်လျှောက်သွားနေပြီး စိတ်ကျန်းမာရေးမကောင်းသူ) ရန်မျိုးအောင်ရပ်ကွက် နယ်မြေ(၄)တွင် နေထိုင်သူဖြစ်ကြောင်း၊ အနီးပတ်ဝန်းကျင်၌စုံစမ်းရာ မည့်သည့်ယာဉ်က မည်သည့်အချိန်တွင် တိုက်သွားကြောင်းကို မည်သူမျှ မသိလိုက်ကြောင်း ဆိုသည်။

ဦးဖိုးနီအား ယာဉ်ဖြင့် တိုက်မိပြီး ထွက်ပြေးမောင်းနှင်သည့် အမည်မသိယာဉ်မောင်းကို ဖမ်းဆီးရမိရေးအတွက် ယာဉ်(ပ) ၉ / ၂၀၁၄၊ ပုဒ်မ ၁၀၄-က/၂၀၂ ဖြင့် အမှတ်(၂) နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၇၉)

ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လက်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းစသည့် ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှညနေ ၄ နာရီခန့်အချိန်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သကြ်န်ရေကစားသူများ၊ ကလေးငယ်များ အောက်ပါအတိုင်း သတိပြုကာကွယ်ကြရန်နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသော နေရောင်ခြည်အောက်တွင်အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသောဦးထုပ်၊ ထီး စသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF15+ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကိုကာကွယ်နိုင်ရန် ခရမ်းလွန်ရောင်ခြည် အလွယ်တကူ မဖောက်နိုင်သော အရောင်ရင့်သော အဝတ်အထည်များ၊ ထူသော အဝတ်အထည်များကို ဝတ်ပါ။

၅။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက် ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၆။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေနှင့် အသက်တစ်နှစ်အောက်ငယ်သော ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်း မပြုပါနှင့်။ ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။ အပြင်ထွက်ရန် လိုအပ်ပါက သနပ်ခါးထူထူ (သို့) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည် မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ၊ ဦးထုပ်၊ ထီးဆောင်းပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ကန့်ဘလူမြို့နယ်၌ လေပြင်းတိုက်ခတ် အိမ် ၁၁ လုံးပျက်စီး

ကန့်ဘလူ မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ပင်းတဲကျေးရွာတွင် မေ ၁ ရက် ညနေ ၆ နာရီခွဲက လေပြင်းစတင်တိုက်ခတ်ခဲ့၍ နာရီဝက်ခန့်ကြာပြီး အိမ် ၁၁ လုံး ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုမရှိသော်လည်း ပင်းတဲနယ်မြေရဲကင်းစခန်းရှိ နေအိမ်တန်းလျားသွပ်မိုးများ အများအပြားပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ ပင်းတဲကျေးရွာ၌ လူဦးရေစာရင်းနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကောက်ယူလျက် ရှိရာ အဆိုပါ လေဘေးဒဏ်သင့်ခဲ့ရသော်လည်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(တိုးတိုးဝင်း)**

သန်းခေါင်စာရင်းကောက်ရာမှအပြန် ဆိုင်ကယ်တိုက်ခံရ

ခင်ဦး မေ ၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ လမ်းမတော်လမ်း မြို့နယ်ဥပဒေရုံးရှေ့တွင် မတ် ၃၁ ရက် ညနေ ၆ နာရီခန့်က ဆိုင်ကယ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ကွမ်းတိုင်းကျေးရွာ အမက ကျောင်းအုပ် ဒေါ်ရီခင် (၄၂) နှစ် ကွမ်းတိုင်းကျေးရွာ ခင်ဦးမြို့နေသူသည် ကွမ်းတိုင်းကျေးရွာမှ သန်းခေါင်စာရင်းကောက်ရာ အပြန်တွင် ဆိုင်ကယ်နောက်မှ ဒေါ်ငယ်ငယ်အောင်အားတင်ပြီး အရှေ့မှအနောက်သို့ မောင်းနှင်လာရာ မြို့တွင်းလမ်းသွယ်သို့ကွေ့ဝင်စဉ် စိုးမြင့်သူ (၃၇) နှစ် အမှတ်(၄)မရိုးကုန်းရပ် ရွှေဘိုမြို့နေသူ မောင်းနှင်လာသည့် ဆိုင်ကယ်က နောက်မှဝင်တိုက်မိရာ စိုးမြင့်သူ၊ ဒေါ်ရီခင်နှင့် ဒေါ်ငယ်ငယ်အောင်တို့ ဒဏ်ရာများရရှိခဲ့သဖြင့် ခင်ဦးဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ဆိုင်ကယ်မဆင်မခြင်မောင်းနှင်သူ ဦးစိုးမြင့်သူနှင့် ဒေါ်ရီခင်တို့အား သက်ဆိုင်ရာက အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ခင်ဦးစိုးဝေ)

ရေနံချောင်းမြို့၌ အဆောက်အအုံဆောက်လုပ်နေစဉ် အမျိုးသားတစ်ဦး မြေထိန်းနံရံပိမိ သေဆုံး

ရေနံချောင်း မေ ၂

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ မြို့မတောင်ရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(ဆောက်လုပ်ဆဲ)၏ မြောက်ဘက် ၁၀ ပေ ခန့်အကွာရှိ အရှည် ၃၇ ပေ၊ အမြင့် ၂၈ ပေခန့်ရှိ အုတ်စီမြေထိန်းနံရံသည် မေ ၁ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က ပြိုကျခဲ့သဖြင့် ဘဏ်အဆောက်အအုံလုပ်သား ၅၀ ရှိသည့်အနက် ကျော်ဇင်လတ်(၃၁) နှစ် မကြီးကန်ကျေးရွာကော့မှူးမြို့နယ်နေသူမှာ ပျောက်ဆုံးနေသဖြင့် အလျား ၃၇ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ၂၈ ပေရှိ မြေစာပုံအား ဘတ်ဟိုး တစ်စီး၊ အလုပ်သမား ၂၀ ဖြင့် ဖယ်ရှားခဲ့ရာ မေ ၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ကျော်ဇင်လတ်အား မြေစာပုံအောက်၌ ဦးခေါင်းကြေမွဒဏ်ရာ၊ ယာခြေထောက်ဒူးဆစ်ကျိုးဒဏ်ရာ၊ ခန္ဓာကိုယ်ပွန်းပဲ့ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရ၍ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံသို့ ရဲဆေးစာဖြင့် တင်ပို့ထားကြောင်း သိရသည်။ **ကျော်ဇေယျ(မကွေး)**

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

သရဖူမြတ်နိုးသူ Travels&Tours Co.Ltd
For VIP Trips For Upper Trips
Scania High Grade
90000 April-13
140000 April-12
140000 95000 April-12&13
150000 April-12
180000 April-13
150000 April-13
220000 April-13
150000 95000 April-12&13
430000 April-12
130000 85000 April-12,13,
350000 April-12
Ph : 01-551453, 095156297, 095014517, 09450053758

COHABO
ချောင်းသာ/ငွေဆောင်
-80000
Ph-203519

ချောင်းသာ SCANIA BUS

April 12,13

09-5122961

09-425355758, 09-255708379

0931815390, 0931815395
Special Discount-Apr 12

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
Ph: 01-375970, 0951 72096, 0950 47516

O.O.W Class III နှင့် Chief Mate သင်တန်း
Capt. San Moe Aung
Class III
Class III MMMC
Class II Chief Mate
16th June
ECDIS (Apr-21) နှင့် RADAR/ARPA (Apr-28)
General Ship Knowledge + Marine English
5:30 to 7:30 (Mon to Fri) 19th May 60000/-
SUCCESS
MARITIME ACADEMY
Facebook: Success Maritime Academy

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၉။)
၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင်ပုဒ်မ ၉ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

၃။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ ပုဒ်မ ၃ ၏ နောက်တွင် ပုဒ်မ ၃ -က အဖြစ်အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"Sec.3-A. (1) Stamp duties charged by Articles 23, 33 and 40 (a) respectively of Schedule I annexed to this Act shall, in the case of instruments affecting immovable property situated wheresoever in the whole of the Republic of the Union of Myanmar, other than the Naypyitaw Development territory, the City of Yangon Development territory and the City of Mandalay Development territory, be increased by an additional stamp duty of 2 per centum for a consideration equal to the market value of the property so situated.

(2) The Ministry of Finance of the Union Government shall in accord with law deposit the increased stamp duties to the union fund. The Ministry of finace of the Union Government shall there after pay the increased stamp duties to the Township Development Funds in a prescribed manner in accordance with law"

၄။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေတွင် ပုဒ်မ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"Sec.20. (1) Where an instrument is chargeable with ad valorem duty in respect of any money expressed in any currency other than that of the Republic of the Union of Myanmar, such duty shall be calculated on the value of such money in the currency of the Republic of the Union of Myanmar according to the current rate of exchange on the day of the date of the instrument.

(2) The Current rate of exchange mentioned in the foregoing sub-section shall be the Daily Reference Rate announced by the Central Bank of Myanmar at the day of the date of the instrument."

၅။ မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေဇယား -၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

SCHEDULEI
Stamp-duty on Instruments
(See Section 3)

Description of instrument	Proper Stamp-duty
1. ACKNOWLEDGMENT of a debt exceeding kyat 2,000 in amount or value, written or signed by, or on behalf of, a debtor in order to supply evidence of such debt in any book (other than a banker's pass-book) or on a separate piece of paper when such book or paper is left in the creditor's possession; provided that such acknowledgment does not contain any promise to pay the debt or any stipulation to pay interest or to deliver any goods or other property.	- Kyat 50.
2. ADMINISTRATION BOND, given under the section 291, section 375 or section 376 of the Succession Act:-	
(a) where the amount does not exceed kyat 100,000;	The same duty as a BOND (No.15) for such amount.
(b) in any other case.	- Kyat 2,000.
3. ADOPTION-DEED, that is to say, any instrument (other than a will) recording an adoption or conferring or purporting to confer an authority to adopt.	- Kyat 150.
ADVOCATE. *See* **ENTRY AS AN ADVOCATE** (No.30)	
